# ကျောင်းသုံးစာအုပ်မိတ်ဆက်

ဤအတန်းတွင် အနုပညာ(ပန်းချီ)ဘာသာရပ်အကြောင်းနှင့် ၎င်းဘာသာရပ်ကို လက်တွေ့ဘဝတွင် အသုံးချပုံများကို ပိုမိုနားလည်နိုင်စေမည့် အသိပညာ၊ ကျွမ်းကျင်မှုအသစ်များ ဖွံ့ဖြိုးလာရန် ဆရာ၊ အတန်းဖော်များနှင့်အတူ အဖွဲ့လိုက်လုပ်ငန်းများလုပ်ဆောင်သင်ယူရမည်။ ထို့ပြင် ပြဿနာအခက်အခဲများကို ဖြေရှင်းတတ်ရန်နှင့် စဉ်းစားတွေးခေါ် ဖန်တီးတတ်ရန်လေ့လာသင်ယူရမည်။ အချို့စာသင်ချိန်များတွင်အဖွဲ့လိုက်လုပ်ဆောင်ကြပြီး အချို့စာသင်ချိန်များတွင်အတန်းလိုက် သို့မဟုတ် တစ်ဦးချင်းလေ့လာသင်ယူကြရမည်ဖြစ်သည်။

## သင်ယူရမည့်အကြောင်းအရာများ

ဒသမတန်း၊ အနုပညာ (ပန်းချီ) ဘာသာရပ် ကျောင်းသုံးစာအုပ်တွင် အောက်ပါအဓိက အကြောင်းအရာများပါဝင်သည်။

ပန်းချီအနုပညာခေါင်းစဉ်အောက်တွင် သင်ခန်းစာ ၁၁ ခု ပါဝင်သည်။

(ပန်းချီအနုပညာဟု ဆိုသော်လည်း လက်မှုပညာများပါပေါင်းစပ်ပါဝင်သည့် ပန်းချီအနုပညာလုပ်ငန်းများ ပန်းချီအနုပညာ၊ လက်မှုပညာသမိုင်းများပါဝင်သည်။)

## သင်ယူကြရမည့် နည်းလမ်းများ

သင်ခန်းစာအားလုံးတွင် တက်ကြွစွာပါဝင်သင်ယူနိုင်ရန် အထောက်အကူပြုမည့် C-၅လုံးကို အရေးပါသော ၂၁ ရာစုကျွမ်းကျင်မှုများအဖြစ် ဆရာက အသုံးပြုသင်ကြားပေးမည်။

- ✓ **ပူးပေါင်းဆောင်ရွက်ခြင်း**(Collaboration)- သင်ခန်းစာများသင်ယူရာတွင် ကျောင်းသားများသည် အတန်းဖော်များနှင့် အုပ်စုဖွဲ့ပြီး အတွေးအခေါ်များ မျှဝေခြင်းနှင့် အဖြေများအတူရှာဖွေခြင်းတို့ကို လုပ်ဆောင်မည်။
- ✓ **ဆက်သွယ်ပြောဆိုခြင်း**(Communication)- ဘာသာစကားသင်ခန်းစာများတွင်သာမက ဘာသာရပ်အားလုံးတွင် သင်ခန်းစာများကို ရေးခြင်း၊ ဖတ်ခြင်း၊ ပြောခြင်း၊နားထောင်ခြင်း၊ ကိုယ်နှုတ်အမူအရာဖြင့် ဆက်သွယ်ပြောဆိုခြင်းစသည့်ကျွမ်းကျင်မှုများ ဖွံ့ဖြိုးလာမည်။
- ✓ **လေးနက်စွာ ဆန်းစစ်ဝေဖန်ခြင်းနှင့် ပြဿနာဖြေရှင်းခြင်း**(Critical Thinking and Problem Solving)- ဖြေရှင်းရမည့် စိတ်ဝင်စားဖွယ်ပြဿနာများ၏ အဖြေများကို ရှာဖွေခြင်းနှင့်တင်ပြခြင်း၊ အမှားများကိုရှာဖွေခြင်းနှင့်ပြုပြင်ခြင်းတို့ကိုပြုလုပ်ရလိမ့်မည်။
- ✓ **တီထွင်ဖန်တီးခြင်း**(Creativity and Innovation)- ဘောင်ခတ်ထားသည့်အခြေအနေထဲမှ ထွက်၍ တွေးခေါ်ခြင်းဖြင့် အတွေးအခေါ်သစ်များရရှိရန်နှင့် နည်းလမ်းသစ်များဖြင့် ပြဿနာများဖြေရှင်းတတ်ရန် ကျောင်းသားများကို အားပေးမည်။
- ✓ **နိုင်ငံသားကောင်းဖြစ်ခြင်း**(Citizenship)- နိုင်ငံသားကောင်းဖြစ်စေရန် ကျောင်းလူမှုအဖွဲ့အစည်းတွင် တက်ကြွစွာ ပါဝင်လုပ်ဆောင်ခြင်း၊ တရားမျှတခြင်း၊ သဘောထားကွဲလွဲမှုများကို ဖြေရှင်းခြင်း စသည်တို့ကို လေ့ကျင့်ပေးမည်။

DBE BOX - Copyright Protected

## စာသင်နှစ်အဆုံးတွင် သိရှိသွားပြီး လုပ်ဆောင်နိုင်မည့်ရလဒ်များ

ဒသမတန်း၊ အနုပညာ(ပန်းချီ) ဘာသာရပ် ကျောင်းသုံးစာအုပ်ကို သင်ယူပြီးသောအခါ ကျောင်းသားများသည် အောက်ပါတို့ကို လုပ်ဆောင်နိုင်မည်။

ပန်းချီအနုပညာသင်ခန်းစာ(၁)၊ (၂)၊ (၃)နှင့် (၄)တို့ကို သင်ယူပြီးသောအခါ ပန်းချီနည်းစနစ်များအကြောင်းနှင့် ၎င်းရေးနည်းစနစ်များဖြင့် ရေးဆွဲခဲ့သူပန်းချီပညာရှင်များအကြောင်းကို သိရှိပြီး ၎င်းတို့၏ ပန်းချီကားများကို ခွဲခြမ်းစိတ်ဖြာလေ့လာတတ်ခြင်းနှင့်အကဲဖြတ်တတ်သော ကျွမ်းကျင်မှုများကို ရရှိစေမည်။

သင်ခန်းစာ (၅) ကို သင်ယူပြီးသောအခါ ပန်းပုနှင့် ပန်းချီကျော် ဩဂတ်စတိရိုဒင်အကြောင်းနှင့် လက်ရာများကို ဆန်းစစ်ဝေဖန်တတ်လာမည်။

သင်ခန်းစာ(၆)ကို သင်ယူပြီးသောအခါ သစ်ထွင်းပုံနှိပ်ပန်းချီကျော် ဟိုကူဆိုင်အကြောင်းနှင့် လက်ရာများကို အကဲဖြတ်တတ်လာပြီး သစ်ထွင်းပုံနှိပ်ပန်းချီလက်ရာတစ်ခုကို ဖန်တီးတတ်လာမည်၊

သင်ခန်းစာ(၇)ကို သင်ယူပြီးသောအခါ အိုရီဂါမီစက္ကူခေါက်နည်းစတင်ပုံနှင့် ချိုးခေါက်ပုံများအကြောင်း သိရှိလုပ်ဆောင်တတ်လာမည်။

သင်ခန်းစာ (၈) ကို သင်ယူပြီးသောအခါ မြန်မာရိုးရာပန်းချီအကြောင်းသိရှိခွဲခြားတတ်လာ၍ ပန်းချီရေးနည်းနှင့် အမျိုးအစားများကို ခွဲခြမ်းစိတ်ဖြာတတ်ပြီး ပုံပြစာစောင်တစ်ခုပြုလုပ်တတ်မည်။

သင်ခန်းစာ(၉)ကို သင်ယူပြီးသောအခါ မြန်မာနှင့် ကမ္ဘာမြေထည်သမိုင်းကိုသိရှိ၍ မြေထည်ပြုလုပ်ပုံအဆင့်ဆင့်ကို သိရှိပြီး မြေထည်တွင် နာမည်ကျော်ကြားသော ပန်းချီကျော် ပီကာဆို၏ လက်ရာများကို လေ့လာဆန်းစစ်အကဲဖြတ်တတ်လာမည်။

သင်ခန်းစာ(၁၀)ကို သင်ယူပြီးသောအခါ ပါတိတ်ပန်းချီအကြောင်းသိရှိပြီး ပါတိတ်ပန်းချီကို ဖန်တီးရေးဆွဲတတ်လာမည်။

သင်ခန်းစာ(၁၁)ကို သင်ယူပြီးသောအခါ တစ်နှစ်တာသင်ယူခဲ့သောသင်ခန်းစာများထဲမှ တစ်ခုကို အသေးစားအနုပညာလုပ်ငန်းစီမံချက်များရေးဆွဲပြီး အုပ်စုဖွဲ့၍ပူးပေါင်းဆောင်ရွက်အကောင်အထည်ဖော်တတ်မည်။

သင်ခန်းစာတိုင်းရှိ အဓိကအချက်များပါ လေးထောင့်ကွက်ပုံစံသည် ကျောင်းသားများ၏ လေ့လာသင်ယူမှုများကို အထောက်အကူပေးလိမ့်မည်။

**အဓိကအချက်**

-------------------------------------------------------

-------------------------------------------------------

DBE BOX - Copyright Protected

# ပန်းချီအနုပညာ

## နိဒါန်း

ဒသမတန်းတွင် ပန်းချီအနုပညာဝါဒသမိုင်းနှင့် လက်မှုပညာများပါဝင်သော ပန်းချီလုပ်ငန်းများအကြောင်းတို့ကို သင်ကြားကြရမည်။

ပန်းချီသမိုင်းတိုးတက်မှုတွင် အရင်းခံဖြစ်သောပန်းချီဝါဒများနှင့် ပန်းချီပညာရှင်များ၊ ပန်းပုပညာရှင်၊ သစ်ထွင်းပုံနှိပ်ပန်းချီပညာရှင်၊ အိုရီဂါမီစက္ကူချိုးခေါက်ခြင်း၊ မြန်မာရိုးရာပန်းချီ၊ မြေထည်လုပ်ငန်းအကြောင်းနှင့် ပါတိတ်ပန်းချီလုပ်ငန်းများအကြောင်းကို သင်ယူလေ့လာပြီး အသေးစားအနုပညာလုပ်ငန်းစီမံချက်များရေးဆွဲ၍ အကောင်အထည်ဖော်ပြုလုပ်ကြရမည်ဖြစ်သည်။

## သိရှိပြီးသောအကြောင်းအရာ

ပန်းချီရေးနည်းစနစ်များ၊ ပန်းချီအနုပညာသမိုင်းအစောပိုင်းကာလနှင့် လက်မှုပညာတို့ကို အခြေခံပညာအလယ်တန်းအဆင့်တွင် သင်ကြားပြီးဖြစ်သည်။

## ဤသင်ခန်းစာပြီးလျှင် အောက်ပါတို့ကို လုပ်ဆောင်နိုင်မည်။

ပန်းချီအနုပညာ သင်ခန်းစာ (၁)၊ (၂)၊ (၃)နှင့် (၄)တို့ကို သင်ယူပြီးသောအခါ ပန်းချီအနုပညာခေတ်လယ်သမိုင်းကို သိရှိပြီး ပန်းချီဝါဒများအကြောင်းကို လေ့လာသိရှိကာ ပန်းချီကားများ၏သဘောသဘာဝကို ကိုယ်တိုင်ခွဲခြမ်းစိတ်ဖြာတတ်လာမည်။ သင်ခန်းစာ (၅) ကို သင်ယူပြီးသောအခါ ပန်းပုနှင့် ပန်းချီကျော် ဩဂတ်စတိရိုဒင်အကြောင်းနှင့် သူ၏လက်ရာများကို ဆန်းစစ်အကဲဖြတ်တတ်လာမည်။ သင်ခန်းစာ (၆) ကို သင်ယူပြီးသောအခါ သစ်ထွင်းပုံနှိပ်ပန်းချီကျော် ဟိုကူဆိုင်အကြောင်းနှင့် သူ၏လက်ရာများကို အကဲဖြတ်တတ်လာပြီး သစ်ထွင်းပုံနှိပ်ပန်းချီလက်ရာတစ်ခုကို ဖန်တီးတတ်လာမည်။ သင်ခန်းစာ(၇)ကို သင်ယူပြီးသောအခါ အိုရီဂါမီစက္ကူခေါက်ခြင်းစတင်ပုံနှင့် ချိုးခေါက်ပုံများအကြောင်း သိရှိလုပ်ဆောင်တတ်လာမည်။ သင်ခန်းစာ (၈)ကို သင်ယူပြီးသောအခါ မြန်မာရိုးရာပန်းချီအကြောင်းသိရှိနားလည်လာပြီး ပန်းချီအမျိုးအစားများကို ခွဲခြမ်းစိတ်ဖြာတတ်လာမည်။ သင်ခန်းစာ(၉)ကိုသင်ယူပြီးသောအခါ မြေထည်သမိုင်းကိုသိရှိပြီး ပြုလုပ်ပုံအဆင့်အတိုင်းလုပ်ကိုင်တတ်သည့်အပြင် ပန်းချီနှင့်မြေထည်လုပ်ငန်းတွင် နာမည်ကျော်သော ပီကာဆို၏လက်ရာများကို လေ့လာဆန်းစစ်အကဲဖြတ်တတ်လာမည်။ သင်ခန်းစာ(၁၀)ကိုသင်ယူပြီးသောအခါ ပါတိတ်ပန်းချီအကြောင်းသိရှိရုံမျှမက ပါတိတ်ပန်းချီကိုအဆင်ဆင့်တီထွင်ရေးဆွဲတတ်လာမည်။ သင်ခန်းစာ(၁၁)ကို သင်ယူပြီးသောအခါ တစ်နှစ်တာသင်ယူခဲ့သောသင်ခန်းစာများကို အုပ်စုလိုက်အသေးစားအနုပညာလုပ်ငန်းစီမံချက်ဖြင့် သင်ကြားသင်ယူမှုကို အကောင်အထည်ဖော် ပေါက်မြောက်စေမည်။

ပန်းချီဝါဒများအသစ်အသစ်ဖြစ်ပေါ်လာခြင်းကို သင်ကြားရသောကြောင့် အရာအားလုံးသည် အစဉ်အမြဲပြောင်းလဲတိုးတက်ရွေ့လျားနေကြောင်းနှင့် တီထွင်ဖန်တီးမှုရှိရမည်ဖြစ်သော်လည်း အစဉ်အဆက်ရိုးရာအမွေများကို အရိုးပေါ်အရွက်မဖုံးစေဘဲ ထိန်းသိမ်းသင့်ကြောင်း အသိရရှိလာမည်။

DRF BOX - Copyright Protected

## ၁ အင်ပရက်ရှင်နစ်ဇင်း (Impressionism)

### သင်ခန်းစာမိတ်ဆက်

ဤသင်ခန်းစာတွင် အင်ပရက်ရှင်နစ်ဇင်းပန်းချီနည်းစနစ်အကြောင်း လေ့လာကြရမည် ဖြစ်သည်။ ၎င်းပန်းချီကို တဒင်္ဂအာရုံမြင်အလင်းပန်းချီ၊ စိတ်ထင်မြင်ချက်ပန်းချီ၊ အတုသဘာဝပန်းချီဟု အမျိုးမျိုးခေါ်ကြသည်။ အဓိပ္ပာယ်မှာ စိတ်တွင် ကျန်ရစ်ခဲ့သောလွှမ်းမိုးမှုဖြစ်သည်။

### (၁–၁) သဘောသဘာဝ

ဒြပ်ထုနှင့် ဖွဲ့စည်းပုံအားကောင်းမွန်သည်။ အလင်းရောင်ဖြစ်သော အဖြူရောင်မပါဘဲ မူလအရောင်များဖြစ်သည့် အဝါ၊ အနီနှင့် အပြာကို ပိုမိုအားကောင်းသော အရောင်ကွဲများဖြစ်စေရန် ရောစပ်ပြီး အလင်းအမှောင်နေရာတွင် အစားထိုးရေးခြယ်ကာ စိတ်ခံစားမှုကို လွတ်လပ်စွာ ဖော်ထုတ်ရေးဆွဲသည်။

### (၁–၂) ရေးဆွဲသူများနှင့် ပန်းချီကားများ

BE BOX - Copyright Protected

၁၈၆၆ ခုနှစ်တွင် သရုပ်မှန်(Realism)ပန်းချီရေးနည်းစနစ်များကိုစွန့်လွှတ်ပြီး ကလို့ဒ်မိုနေး (Claude Monet)၊ယူဂျင်းဘူဒန်(Eugene Boudin)၊ဘာ့သ်တိုမိုရီဇို(Berthe Morisot)၊ဖရက်ဒရစ်ဘာဇီး(Frederic Bazille)၊ အဲလ်ဖရက်စစ္စလီ(Alfred Sisley)၊ အက်ဒ်ဂါ ဒေဂါး(Edgar Degas)၊ ဂူစတက်ကိတ်ဘို့(Gustave Caillebotte)၊ အက်ဒွပ်မာနေး(Edouard Manet)၊ မေရီကက်ဆက် (Mary Cassatt)၊ ပီယာအဂုစ်ထ်ရေနွား (Pierre-Auguste Renoir)၊ ကမီးပီဆာရို (Camille Pissarro)၊ ဝေါ်လ်တာရစ်ချတ်ဆစ်ကတ် (Walter Richard Sickert)၊ ဝီလ်ယမ်မယ်ရစ်ချီ (William Merritt Chase) စသည့် ပန်းချီဆရာများက ၎င်းပန်းချီကို စတင်ရေးဆွဲခဲ့ကြသည်။

အင်ပရက်ရှင်နစ်ဇင်းပန်းချီဆရာများအနက် ကလို့ဒ်မိုနေး၊ အက်ဒ်ဂါ ဒေဂါးနှင့် အက်ဒွပ်မာနေးတို့၏အနုပညာဘဝနှင့် ပန်းချီကားရေးဟန်များကို လေ့လာကြမည်။



ပုံ(၁) Claude Monet



ပုံ(၂) Edgar Degas



ပုံ(၃) Edouard Manet

## (၁–၂–၁) ကလို့ဒ်မိုနေး Claude Monet (1840-1926)



ပုံ(၄) Sunrise

မိုနေးသည် စီးပွားရေးပန်းချီ(Commercial Art)နှင့်ကယ်ရီကေးချားပန်းချီ(Caricature)တို့ကို ရေးဆွဲခဲ့ဖူးသည်။ ပြင်သစ်နိုင်ငံ(France)တွင် ရှိသော နော်မန်ဒီ(Normandy)ကမ်းခြေ၌ ရေစိုနေသည့် မြက်ခင်းပေါ်သို့ နေရောင်ကျနေသော မြင်ကွင်းကို ရေးဆွဲသည်။ ထိုမြင်ကွင်းကို အမြင်အာရုံတွင် ခံစားရသည့်အတိုင်း လျင်မြန်စွာ ရေးဆွဲရသည့် အင်ပရက်ရှင်နစ်ဇင်းနည်းဖြင့် စတင်အသုံးပြုရေးဆွဲခဲ့သည်။

လန်ဒန်မြို့ (London)သို့ရောက်သောအခါ အင်္ဂလိပ်ပန်းချီဆရာ ဂျွန်ကွန်စတေဘယ် (John Constable) နှင့် ဝီလီယမ်တန်နာ (William Tanner)တို့ ရေးဆွဲသော ရှုခင်းပန်းချီကားများကို လေ့လာ၍ ၎င်း၏ ပန်းချီကားများကိုဖန်တီးရေးဆွဲခဲ့ပြီး ၁၈၇၄ ခုနှစ်တွင် ပန်းချီပြပွဲကို ပြသခဲ့သည်။



ပုံ(၅) Water Lilies

မိုနေးသည် ပန်းချီကားတွင် အသေးအနုအရင့်ခွဲခြားမရေးခြယ်ဘဲကောက်ကြောင်းမျဉ်းများ (Sketch Lines)နှင့် မျက်နှာပြင်နိမ့်မြင့်ပြမျဉ်းများ (Contour Lines)တို့ကို ရောနှောရေးဆွဲပြီး မတူညီသောအရောင်များကို တစ်ရောင်နှင့် တစ်ရောင် ထိကပ်စွာ ရေးခြယ်ခဲ့သည်။

မိုနေး၏ ပန်းချီဝါဒမှာ အလင်းရောင်သည် အရောင်ဖြစ်သည်ဟူ၍ ဖြစ်သည်။



ပုံ(၆) Suzanne & Blanche Painting



ပုံ(၇) Haystacks at Giverny

Copyright Protected

## (၁–၂–၂) အက်ဒ်ဂါဒေဂါး Edgar Degas (1834-1917)


ပုံ(၈) Dancers Bending Down

ဒေဂါးသည် ချမ်းသာသော အသိုင်းအဝိုင်းမှ ဆင်းသက်လာပြီး ပထမဦးစွာ ပြင်သစ်ပန်းချီဆရာ (Jean Auguste Dominique Ingres) ဂျင်းဩဂတ်စတိဒိုးမနစ်အင်းဂရက်စ် ထံတွင် ပန်းချီသင်သည်။ ၁၈၆၀ ပြည့်နှစ်တွင် အက်ဒွပ်မာနေး (Edouard Manet)နှင့် တွေ့သောအခါ အင်းဂရက်စ်၏ပန်းချီပုံများသည် အလှအပကို ဦးစားပေးသော အဓိပ္ပာယ်ကင်းမဲ့သည့်ပုံများဟု ယူဆကာ ပန်းချီရေးဟန်ကို ပြောင်းလဲခဲ့သည်။

ပြီးနောက် ရေနွား၊ မိုနေး၊ စစ္စလီ၊ ပီဆာရို၊ ဆေဇန်းတို့နှင့်တွဲပြီး ပင်ကိုဟန်ကို ဖန်တီးသည်။ ၁၈၇၂ ခုနှစ်မှ ၁၈၇၃ ခုနှစ်အတွင်း နယူးအော်လရန်းစ်မြို့(New Orleans)တွင်သာ ပန်းချီရေးဆွဲခဲ့သည်။ ၁၈၇၈ ခုနှစ်တွင် ဘဲလေးအကပုံများ (Ballets)ကို စတင်ရေးဆွဲခဲ့သည်။

သူ၏ တစ်သက်တာတွင် ရုပ်တုများစွာ ထုလုပ်ခဲ့ပြီး ပက်စတယ်ဆီဆေး(Pastel oil)ဖြင့် အများဆုံးရေးဆွဲခဲ့ပြီး မျက်စိအားနည်းချိန်တွင် စုတ်ချက်ကြီးကြီးဖြင့် ပန်းချီရေးဆွဲခဲ့သည်။

Copyright Protected


ပုံ(၉) Jockeys in the Rain


ပုံ(၁၀) The Star


ပုံ(၁၁) Russian Dancers


## (၁-၂-၃) အက်ဒွပ်မာနေး Edouard Manet (1832-1883)



ပုံ(၁၂) The Races at Longchamp



ပုံ(၁၃) Setting Sun



ပုံ(၁၄) A Bar at the Folies Bergere

ချမ်းသာသောမိဘများမှ ပြင်သစ်နိုင်ငံ ပါရီမြို့ (Paris)တွင် မွေးဖွားခဲ့သည်။ ၁၈၅၀ ပြည့်နှစ်မှ ၁၈၅၆ ခုနှစ်အတွင်း ပန်းချီဆရာ သောမတ်ခိုထူရာ (Thomas Couture)ထံ၌ ပန်းချီသင်ယူခဲ့သည်။ ထိုအတောအတွင်း ပါရီမြို့တွင် လုဗ်ရ် (Louvre)ပြတိုက်ရှိ ရှေး ပန်းချီကားများကို ကူးယူလေ့ကျင့်ခဲ့သည်။

၎င်းသည် ခေတ်သစ်လူနေမှုဘဝကို ပွင့်လင်းရဲတင်းစွာ ဖော်ထုတ်ရေးဆွဲခဲ့သည်။ အရောင်များကို အကွက်လိုက်ဖြည့်သွင်းရေး ဆွဲသည်။ ထုထည်ရေးဆွဲရာတွင် အသွေး အနုအရင့် ၂ ဆင့်သာ ခွဲခြားရေးဆွဲသည်။

သူသည် သရုပ်မှန်ပန်းချီစည်းမျဉ်းများ မှ ဖောက်ထွက်၍ လွတ်လပ်စွာ ရေးဆွဲခဲ့သူ ဖြစ်သောကြောင့် ရေနွားက "မာနေးဟာ ခေတ်သစ်ပန်းချီတစ်ခုလုံးကို လွှမ်းခြုံနိုင်တဲ့ ပန်းချီဆရာပါပဲ"ဟု ဆိုခဲ့သည်။



ပုံ(၁၅) Plum Brandy

**လေ့ကျင့်ရန်မေးခွန်းများနှင့် လေ့ကျင့်ခန်းများ**

၁။ အင်ပရက်ရှင်နစ်ဇင်းအကြောင်း ရှင်းလင်းရေးသားပါ။

၂။ မိုနေး၊ ဒေဂါးနှင့် မာနေးတို့၏ ပန်းချီကားများကို လေ့လာပြီး တွေ့ရှိချက်များကို ဆွေးနွေးပါ။

**အဓိကအချက်**

- ဒြပ်ထုနှင့် ဖွဲ့စည်းပုံအားကောင်းမွန်စွာဖြင့် မူလအရောင်များကို ပိုမိုအားကောင်းသော အရောင် ကွဲများဖြစ်စေရန် ရောစပ်ပြီး စိတ်ခံစားမှုကို လွတ်လပ်စွာ ဖော်ထုတ်ရေးဆွဲခြင်းဖြစ်သည်။

## ၂ ပို့စ်အင်ပရက်ရှင်နစ်ဇင်း (Post-impressionism)

### သင်ခန်းစာမိတ်ဆက်

ဤသင်ခန်းစာတွင် ပို့စ်အင်ပရက်ရှင်နစ်ဇင်းပန်းချီနည်းစနစ်အကြောင်း လေ့လာကြရမည် ဖြစ်သည်။ ၎င်းပန်းချီသည် အင်ပရက်ရှင်နစ်ဇင်းကို အခြေခံ၍ ဖြစ်ပေါ်လာသော မူကွဲပန်းချီ ဖြစ်သည်။ အာရုံမြင်လွှန်ဝါဒ ဟုလည်းခေါ်ကြသည်။


### (၂-၁) သဘောသဘာဝ

ရှုခင်းများရေးဆွဲရာတွင် အရောင်များအသုံးပြုရာ၌ ရဲတင်းပွင့်လင်းစွာ အင်ပရက်ရှင်နစ်ဇင်းနည်းအတိုင်း ရေးဆွဲသည်။ သို့ရာတွင် တစ်ခဏချင်းအမြင်ကိုသော်လည်းကောင်း၊ ပြောင်းလဲသွားသောပုံများနှင့် လှုပ်ရှားနေသောပုံများကိုသော်လည်းကောင်း ထည့်သွင်းရေးဆွဲခြင်းမပြုတော့ပေ။

### (၂-၂) ရေးဆွဲသူများနှင့် ပန်းချီကားများ

၁၈၈၀ ပြည့်နှစ်မှ ၁၉၀၅ ခုနှစ်အတွင်း ပြင်သစ်ပန်းချီကျော်များဖြစ်ကြသော ဂျော့ချ်ဆူရတ် (Georges Seurat)၊ ဗင်းဆင့်ဗန်ဂိုး(Vincent van Gogh)၊ တူလောက်လော့ထရက်(Toulouse-Lautrec)၊ ပေါလ်ဆစ်ဂနေ့(Paul Signac)၊ ပေါလ်ဆေဇန်း(Paul Cezanne)၊ အမက်ဒီယို မိုဒစ်လီရာနီ (Amedeo Modigliani)နှင့် ဒတ်ချ်ပန်းချီဆရာ ပေါလ်ဂိုဂန် (Paul Gauguin)တို့သည် ပြင်သစ်ပြည်တွင် ပို့စ်အင်ပရက်ရှင်နစ်ဇင်းပန်းချီကားများကို ရေးဆွဲခဲ့ကြသည်။


ပို့စ်အင်ပရက်ရှင်နစ် ပန်းချီဆရာများအနက် ဆေဇန်း၊ ဂိုဂန်နှင့် ဗန်ဂိုးတို့၏ အနုပညာဘဝနှင့် ပန်းချီကားရေးဟန်များကို လေ့လာကြမည်။



ပုံ(၁) Pual Cezanne



ပုံ(၂) Paul Gauguin




ပုံ(၃) Vincent van Gogh

GM BOX - Copyright Protected


## (၂-၂-၁) ပေါလ်ဆေဇန်း Pual Cezanne (1839-1906)



ပုံ(၄) View through The Trees



ပုံ(၅) Curtain & Flowered Pitcher



ပုံ(၆) Departure by Water

ပြင်သစ်နိုင်ငံ အိတ်ဆမ်းစ်(Aix-en)နယ်၌ မွေးဖွားခဲ့ပြီး နှစ်ပေါင်း ၁၀၀အတွင်း အကျော်ကြားဆုံးပန်းချီဆရာဖြစ်ခဲ့သည်။ ဘဏ်ပိုင်ရှင်ဖခင်က ဥပဒေပညာကို လိုက်စားရန်တိုက်တွန်းခဲ့၍ ပါရီမြို့တွင် ပညာသင်ယူနေရာမှ ၁၈၆၃ ခုနှစ်တွင် ပန်းချီပညာကို စတင်လိုက်စားခဲ့သည်။

၁၈၇၂ခုနှစ် ဖခင်ဆုံးပါးချိန်တွင် ပါရီမြို့မှ ထွက်ခဲ့ပြီး ပီဆာရိုနှင့် အတူ ပွန်တွိုက်မြို့ (Poitoise)၌ ပန်းချီဆွဲခဲ့သည်။ ၁၈၇၄ ခုနှစ် ပြပွဲတွင် သူ့ကားများကို ပရိသတ်က လက်မခံခဲ့သော်လည်း ၁၈၇၇ခုနှစ်တွင် သူ့ပန်းချီကား ၁၆ ကားကို ပြသသောအခါ ပန်းချီဝေဖန်ရေးသမားများ၏ အထူးဂုဏ်ပြုခြင်းခံခဲ့ရသည်။

ဆေဇန်းသည် ပုံကိုလျှင်မြန်စွာဆွဲနိုင်သည်။ သဘာဝကို ပုံဖော်ရာတွင် ပန်းချီဆေးကို ပုံသွင်းကိရိယာအဖြစ်သာ သဘောထားသည်။

စိတ်ခံစားမှုများကို အာရုံအမြင်ဆီသို့ ကူးပြောင်းပြီး တစ်ကားလုံးခြုံကာ မြင်သောအခါမှ စတင်ရေးဆွဲသည်။ ဆေးရောင်များအလွန်နေရာယူလာလျှင် ပုံသဏ္ဍာန်များကွယ်ပျောက်ကြသည်ဟု ဆေဇန်းက ယူဆသည်။

အခြေခံထုထည်ပုံများကို အခြေခံသော ကြူဗစ်ဇင်းနည်း (Cubism)ကို အသုံးပြုသည်။

ဆေဇန်းက "ကျုပ်ရဲ့ ဆန္ဒကတော့ ကျုပ်ရေးတဲ့ အာရုံမြင်ပန်းချီကို ခိုင်ခဲ့ပြီး ကြာရှည်ခံအောင် ဆောက်ထားတဲ့ ပန်းချီပြတိုက်ကြီးလိုဖြစ်စေချင်တယ်" ဟူ၍ ပြောခဲ့သည်။

၁၈၉၀ ပြည့်နှစ်နှင့် ၁၈၉၅ခုနှစ်တွင် သူ၏ တစ်ကိုယ်တော်ပြပွဲကို တစ်ကြိမ်စီကျင်းပခဲ့သည်။ ၁၉၀၀ပြည့်နှစ်ရောက်သောအခါ သူ၏ပန်းချီကားများကို ပြတိုက်တိုင်း၌ ပြသရန်အလိုရှိခဲ့ကြသည်။

## (၂-၂-၂) ပေါလ် ဂိုဂန် Paul Gauguin (1848-1903)

ဆောင်းပါးရေးသောသူ ဖခင်နှင့် စပိန်မင်းမျိုးမိခင်တို့မှ ၁၈၄၈ ခုနှစ်တွင် ပြင်သစ်နိုင်ငံ၌ မွေးဖွားခဲ့သည်။

ပီဆာရိုထံတွင် ပန်းချီကို လေ့လာခဲ့ပြီး အရောင်သဘောနားလည်ချိန်တွင် ပန်းချီလောကထဲသို့ စတင်ဝင်ခဲ့သည်။

၁၈၉၁ ခုနှစ်တွင် ပြင်သစ်နိုင်ငံ၌ ပြပွဲပြရာ ဒေါ်လာ ၁၀၀ခန့်သာရသည်။


သူသည် မူလအရောင်ထဲတွင် အနက်ရောင်ရော၍ အနီးအဝေးချိန်ကာ ဆေးရောင်အပြည့်ခြယ်ရေးဆွဲသည်။

"အရုပ်ဆိုးတဲ့ကားဟာ ပုံကောင်းဖြစ်နိုင်ပေမဲ့ လှတဲ့ကားဟာဘယ်တော့မှ ပုံကောင်းမဖြစ်နိုင်ဘူး"ဟု ပြောခဲ့သည်။


၁၉၀၃ခုနှစ်တွင် သူသည်ပြင်သစ်နိုင်ငံရှိ မာကွေးဆက်(Marquesas) ကျွန်း၌ ကွယ်လွန်ခဲ့သည်။ ၁၉၅၉ ခုနှစ်တွင်လန်ဒန်မြို့၌ သူ၏ပန်းချီကားများကို ရောင်းရာ ဒေါ်လာ၃၆၉၀၀၀ ရခဲ့သည်။



ပုံ(၇) Fields at Le Pouldu



ပုံ(၈) A Meadow on the Banks of the Aven



ပုံ(၉) Arearea No Varua Ino



ပုံ(၁၀) Boquet of Peonies

## (၂-၂-၃) ဗင်းဆင့် ဗန်ဂိုး Vincent van Gogh (1853-1890)


ပုံ(၁၁) The Starry Night


ပုံ(၁၂) Sunflowers


ပုံ(၁၃) The Painter


ပုံ(၁၄) Wheatfield under Thunderclouds

ဗန်ဂိုးကို ၁၈၅၃ ခုနှစ်တွင် နယ်သာလန်နိုင်ငံ (Netherlands)၊ ဂရို့ထ်ဇင်ဒါမြို့ (Groot Zundert) ၌ မွေးဖွားခဲ့သည်။

သူသည် ကျောက်မီးသွေးတွင်းတွင် တရားဟောဆရာလုပ်ကိုင်ခဲ့၍ ၁၈၈၀ ပြည့်နှစ်တွင် ၎င်းအလုပ်မှနားပြီး အသက်၂၇နှစ်၌ ပန်းချီကို စတင်သင်ယူခဲ့သည်။

ပုံဆွဲပညာကို လျစ်လျူရှုပြီး အာရုံမြင်လွန်ပန်းချီကို အရောင်များဖြင့်သာ ရေးခြယ်ခဲ့သည်။ သူသည် ပန်းချီကားတွင် ပေါက်ကွဲရှန်းကန်မှုကို အရောင်များဖြင့် သရုပ်ဖော်သည်။ အနီးအဝေးကို ချိန်ဆရေးဆွဲသည်။ အရောင်ပျက်နှင့် အရောင်နုများကို စုတ်ချက်များဖြင့် ဖော်ပြရေးဆွဲခဲ့သည်။

၁၈၈၈ ခုနှစ်၌ စိတ္တဇရောဂါစွဲကပ်လာသည်။ ရောဂါပျောက်နေစဉ် ပန်းချီကားရေးသည်။ ရောဂါပြန်ပေါ်လာသော အချိန်တွင် စိန့်ရန်မိ (Saint-Remy) စိတ္တဇဆေးရုံသို့ပို့ရသည်။ ၁၈၉၀ပြည့်နှစ်တွင် ကွယ်လွန်သည်။

သူကွယ်လွန်ပြီးမှ သူ၏တူက သူရေးဆွဲခဲ့သော ပန်းချီကားများကို ရောင်းချခဲ့သည်။ နောက်ပိုင်းတွင် ဗန်ဂိုး၏ပန်းချီကားများသည် အကြိမ်ကြိမ်ပုံနှိပ်ပြီး ရောင်းချရသည်အထိ နာမည်ကြီးသည်။

DBE BOX - Copyright Protected

**လေ့ကျင့်ရန်မေးခွန်းများနှင့် လေ့ကျင့်ခန်းများ**

၁။ ပို့စ်အင်ပရက်ရှင်နစ်ဇင်းပန်းချီဝါဒအကြောင်း ပြည့်စုံစွာ ရေးသားပါ။
၂။ ပို့စ်အင်ပရက်ရှင်နစ်ဇင်းပန်းချီကားများနှင့် ပတ်သက်၍ ထင်မြင်ချက်ပေးပါ။

**အဓိကအချက်**

- ရှုခင်းများရေးဆွဲရာတွင် အရောင်များအသုံးပြုရာ၌ ရဲတင်းပွင့်လင်းစွာ အင်ပရက်ရှင်နစ်ဇင်းနည်းအတိုင်း ရေးဆွဲပြီး တစ်ခဏချင်းမြင်သောပုံနှင့် ပြောင်းလဲလှုပ်ရှားနေပုံများကို မရေးဆွဲပေ။

## ၃ နီယိုအင်ပရက်ရှင်နစ်ဇင်း (Nero-impressionism)

### သင်ခန်းစာမိတ်ဆက်

ဤသင်ခန်းစာတွင် နီယိုအင်ပရက်ရှင်နစ်ဇင်းပန်းချီနည်းစနစ်အကြောင်း လေ့လာကြရမည် ဖြစ်သည်။ ၎င်းကို ဒဗေရှင်နစ်ဇင်း (Divisionism)နှင့် ပွိုင့်တယ်လစ်ဇင်း (Pointillism) ဟုလည်း ခေါ်ကြသည်။ ထိုခေတ်ပန်းချီဆရာများသည် အမြင်အာရုံဆိုင်ရာသိပ္ပံပညာ၏ အရောင်သဘောကို လေ့လာခဲ့ပြီးလျှင် ခရိုမိုလူမင်နာရစ်ဇင်း(Chromoluminarism)ရေးနည်းအသစ်အဖြစ် ဖန်တီးခဲ့ပြီး နောက်ပိုင်းတွင် နီယိုအင်ပရက်ရှင်နစ်ဇင်းအဖြစ် သတ်မှတ်ခဲ့သည်။

### (၃-၁) သဘောသဘာဝ

ဒဗေရှင်နစ်ဇင်းသည် အရောင်အစက်များကို ကင်းဗတ်ပေါ်တွင် ခွဲခြားနေရာချပြီး ကြည့်သူ၏အမြင်အာရုံတွင် အရောင်များပေါင်းစပ်မြင်ရသည့် အရောင်သဘောကို အခြေခံထားခြင်းဖြစ်သည်။ ပွိုင့်တယ်လစ်ဇင်းမှာ ပိုမိုသေးငယ်သောအစက်များဖြင့် ရေးဆွဲခြင်းဖြစ်သည်။

### (၃-၂) ရေးဆွဲသူများနှင့် ပန်းချီကားများ




ပုံ(၁) Georges Seurat

ဤပန်းချီနည်းစနစ်ကို ပို့စ်အင်ပရက်ရှင်းနစ် (Post -impressionist) အဖြစ် နောက်ပိုင်းတွင်သတ်မှတ်ခြင်းခံရသော ပန်းချီဆရာဆူရတ်၊ ပေါလ်ဂိုဂန်၊ ဗင်းဆင့်ဗန်ဂိုးနှင့် တူလောက်လေ့ထရက်တို့က စတင်ရေးဆွဲခဲ့ကြသည်။ ပေါလ်ဆစ်ဂနေ့ (Paul Signac)သည် ဆူရတ်အား ကူညီပေးရင်း နီယိုအင်ပရက်ရှင်နစ်တစ်ဦး ဖြစ်လာသည်။

နီယိုအင်ပရက်ရှင်နစ်များထဲတွင် ဂျော့ချ်ဆူရတ် (Georges Seurat) တစ်ဦးသာ နီယိုအင်ပရက်ရှင်နစ်အဖြစ် ထင်ရှားခဲ့သည်။

DBE BOX - Copyright Protected

## (၃-၂-၁) ဂျော့ချ် ဆူရတ် Georges Seurat (1859-1891)



ပုံ(၂) The Circus

ဆူရတ်သည် ဆေးရောင်ကိုတစ်စက်ချင်း တို့ကာရေးသူဖြစ်သည်။ ပျော်စရာကားများ အများဆုံးရေးလေ့ရှိသည်။ အနီးကပ်မြင်ရသောအရောင်များ၊ ရောင်ပြန်ရောင်ဟပ်များရေးရာတွင် မူလအရောင်များအတိုင်း ရေးသည်။ အရိပ်နေရာများတွင် အရောင်ကို ပိန်းပိတ်နေအောင်မခြယ်ပေ။

ဆူရတ်ရေးဆွဲခဲ့သော ပန်းချီများအနက် ဆပ်ကပ်ပြပွဲပန်းချီကားသည် ညအမှောင်ကို ရေးဆွဲသော ပထမဦးဆုံး ပန်းချီကားဖြစ်သည်။ ပန်းချီကားရေးဆွဲရန် ၆နှစ်ခန့်အချိန်ယူလေ့လာခဲ့သည်။




အနုပညာဝေဖန်ရေးဆရာတစ်ဦးက ဆူရတ်၏ ပန်းချီကားများအနက် ကြီးမြဲမေတြီပုံအဆန်ဆုံးနှင့် စိတ်အာရုံကို လျှို့ဝှက်နက်နဲသောခံစားမှု အပေးနိုင်ဆုံးပန်းချီကားဖြစ်သည်ဟု ဆိုခဲ့သည်။


ပွိုင့်တယ်လစ်ဇင်းရေးဟန်ဟု ဆိုနိုင်သည့် အရောင်အစက်များဖြင့် ရေးဆွဲထားသည်ကို ပုံ(၃)ရှိ အနီးကပ်ဖြတ်ပိုင်းပုံတွင် တွေ့နိုင်သည်။

ဆူရတ်က "သူတို့ဟာ ကျုပ်ရေးတဲ့ကားကို ကြည့်ပြီး ကဗျာဂီတဆန်လွန်းတယ်လို့ ပြောကြတယ်။ ဒီရေးနည်းရေးဟန်က ရေးရိုးရေးစဉ်ပါ၊ ပုံတိုင်း ဒီလိုရေးခဲ့တာ"ဟု ပြောခဲ့သည်။

ပုံ(၃) The Circus မှ အနီးကပ်ဖြတ်ပိုင်းပုံ



ပုံ(၄) A Sunday on La Grande Jatte



ပုံ(၅) Bathers at Asnieres

DBE BOX - Copyright



ပုံ(၆) The Laborers




ပုံ(၇) The Circus



ပုံ(၈) Gray Weather

## (၃-၃) အခြားရေးဆွဲသူများ၏ ပန်းချီကားများ



ပုံ(၉) Paul Signac's Lady & Umbrella



ပုံ(၁၀) Vincent van Gogh's Self Portrait

## လေ့ကျင့်ရန်မေးခွန်းများနှင့် လေ့ကျင့်ခန်းများ

၁။ နီယိုအင်ပရက်ရှင်နစ်ဇင်းအကြောင်း ဆွေးနွေးပါ။
၂။ နီယိုအင်ပရက်ရှင်နစ်များ၏ ပန်းချီကားများတွင် တွေ့ရှိချက်များကို ခွဲခြမ်းစိတ်ဖြာပြပါ။

## အဓိကအချက်

- ဒဗေရှင်နစ်ဇင်းသည် အရောင်များပေါင်းစပ်မြင်ရန် ခွဲခြားအစက်ချရေးခြင်းဖြစ်ပြီး ပွိုင့်တယ်လစ်ဇင်းသည် ပိုမိုသေးငယ်သောအစက်များဖြင့် ရေးဆွဲခြင်းဖြစ်သည်။

## ၄ အိတ်ပရက်ရှင်နစ်ဇင်း (Expressionism)

### သင်ခန်းစာမိတ်ဆက်

ဤသင်ခန်းစာတွင် အိတ်ပရက်ရှင်နစ်ဇင်းပန်းချီနည်းစနစ်အကြောင်း လေ့လာကြရမည် ဖြစ်သည်။ ၎င်းပန်းချီကို စိတ်ခံစားမှုဖော်ပြပန်းချီဟု ခေါ်ကြသည်။ အဓိပ္ပာယ်မှာ စိတ်တွင်းခံစားချက်များကို ဖွင့်ထုတ်ဖော်ပြခြင်းဖြစ်သည်။ ယခုနမူနာအနေဖြင့် ဂျာမန်အိတ်ပရက်ရှင်နစ်ဇင်းနည်းစနစ်ကို လေ့လာကြမည်။

### (၄-၁) သဘောသဘာဝ

မျက်စိဖြင့် မြင်ရသည့်အတိုင်းမဟုတ်ဘဲ စိတ်၌ခံစားရသည်ကို လွယ်ကူရှင်းလင်းသောဟန်သစ်ဖြင့် ရေးဆွဲခြင်းဖြစ်သည်။ အနားသတ်မျဉ်းထူထူနှင့် ပုံပေါ်တွင် ဖြတ်သောမျဉ်းများဖြင့် ပုံသဏ္ဍာန်တို့ကိုရေးပြီး အတွင်းပိုင်းကို အနားသတ်မျဉ်းအရောင်နှင့် မတူညီသည့်အရောင်သန့်ဖြင့် ခြယ်မှုန်းသောနည်းဖြစ်သည်။

### (၄-၂) ရေးဆွဲသူများနှင့် ပန်းချီကားများ

ဒတ်ချ်လူမျိုးဗန်ဂိုးက အင်ပရက်ရှင်နစ်ဇင်းသည် စိတ်တွင်းခံစားမှုများကို ဖော်ပြရန်မလွယ်ကူဟုသိမြင်လာသဖြင့် အိတ်ပရက်ရှင်နစ်ဇင်းစနစ်ကိုတီထွင်သည်။ အက်ဒ်ဝပ်မွန့်(Edvard Munch)၊ ပေါလမိုဒါဆွန်ဘက်ကာ(Paula Modersohn-Becker)၊ အီဂွန်ရှီလာ(Egon Schiele)၊ ဖရန့်မားခ် (Franz Marc)၊ အဲန့်လောက်ဒရစ်ကာချ်နာ (Ernst Ludwig Kirchner)၊ မားခ်ချာဂေါ (Marc-Chagall)နှင့် အော်စကာခါခါရှကာ (Oskar Kokoscha)တို့က ရေးဆွဲခဲ့ကြသည်။

အိတ်ပရက်ရှင်နစ် ပန်းချီဆရာများအနက် မွန့်နှင့် မိုဒါဆွန်ဘက်ကာတို့၏အနုပညာဘဝနှင့် ပန်းချီကားများကို လေ့လာကြမည်။



ပုံ(၁) Edvard Munch



ပုံ(၂) Paula Modersohn-Becker

## (၄-၂-၁) အက်ဒ်ဝပ်မွန့်. Edvard Munch (1863-1944)




ပုံ(၃) Shore with Red House



ပုံ(၄) Death in the Sickroom



ပုံ(၅) Four Girls in Asgardstand



ပုံ(၆) The Scream of Nature

မွန့်သည် အာရုံမြင်ပန်းချီနှင့်အာရုံမြင်လွန်ပန်းချီကိုသင်ကြားရင်းပါရီမြို့တွင် အချိန်ကုန်စေခဲ့သည်။

သူ၏ အကျော်ကြားဆုံးပန်းချီကားမှာ (The Scream of Nature)ဖြစ်သည်။ ပြပွဲတင်စဉ်က ပရိသတ်များလွန်းသဖြင့် ပြပွဲကို ပိတ်ရသည်အထိ ဖြစ်ခဲ့သည်။


သူသည် အထီးကျန်မှု၊ ဆန္ဒရှိမှုနှင့် မနာလိုမှုစသော စိတ်ခံစားချက်ပြင်းထန်ခြင်းကို အထူးပြု ရေးဆွဲလေ့ရှိသည်။

၁၈၉၂ခုနှစ်မှ ၁၉၀၈ခုနှစ်အတွင်း ဂျာမနီနိုင်ငံ ဘာလင်မြို့တွင် ပန်းချီကားများသာမက ကြေးပုံနှိပ်ပန်းချီ(Etching)၊ ကျောက်ပုံကူးပန်းချီ (Lithography) နှင့် သစ်ထွင်းပုံနှိပ်ပန်းချီ(Wood cut) များကို ပြုလုပ်ဖန်တီးရေးဆွဲခဲ့သည်။

မွန့်က "ကျုပ်ရဲ့ပန်းချီကားတွေကို ပြင်းထန်တဲ့ တုံ့ပြန်မှုရအောင် ဖန်တီးချင်တယ်"ဟု ပြောခဲ့သည်။

DBE BOX - Copyright Protected

## (၄-၂-၂) ပေါလမိုဒါဆွန်ဘက်ကာ Paula Modersohn-Becker (1876-1907)



ပုံ(၇) Stilleben mit Blattpflanze, Zitrone und Apfelsine


မိုဒါဆွန်ဘက်ကာကို ဂျာမနီတွင် ၁၈၇၆ ခုနှစ်၌ မွေးဖွားခဲ့သည်။

ဘရီမန်မြို့ (Bremen) အနီး ဝေါ့စ်ဝိရှာ (Worswede)တွင် နေထိုင်ခဲ့ပြီး အိမ်ထောင်ကျခဲ့သည်။ သူသည် ၁၈၉၆ ခုနှစ်မှ ၁၈၉၈ ခုနှစ်အတွင်း An Artistic Colony အဖွဲ့ဝင်များနှင့် တွေ့ဆုံခဲ့သည်။


အလွန်ရိုးရှင်းသောပုံသဏ္ဍာန်များကိုသာ ရေးဆွဲခဲ့ပြီး အဝတ်မဲ့မျက်လုံးပြူးပြူး အမျိုးသမီးပုံများကို အာရုံစိုက်ရေးဆွဲခဲ့သည်။ သူ၏ကိုယ်တိုင်ရေးပုံတူများ၊ လယ်သမားပုံများကိုလည်း ရေးလေ့ရှိခဲ့သည်။

မိုဒါဆွန်ဘက်ကာသည် ခေတ်သစ်ပန်းချီနှင့် အိတ်ပရက်ရှင်နစ်ဇင်းပန်းချီစနစ်ကို အုတ်မြစ်ချပေးခဲ့သူဖြစ်သည်။

၁၉၀၇ ခုနှစ်တွင်သမီးတစ်ဦးမွေးဖွားပြီး ၃ ပတ်အကြာတွင် သူသည် ကွယ်လွန်ခဲ့သည်။




ပုံ(၈) Stilleben mit Tonkrug




ပုံ(၉) Self Portrait

## (၄-၃) အခြားရေးဆွဲသူများ၏ ပန်းချီကားများ



ပုံ(၁၀) Franz Marc's Little Yellow Horses



ပုံ(၁၁) Marc Chagall's Two Clowns on Horseback



ပုံ(၁၂)Oskar Kokoschka's What are we fighting for?



ပုံ(၁၃) Ernst Ludwig Kirchner's Berlin Street Scene

## လေ့ကျင့်ရန်မေးခွန်းများနှင့် လေ့ကျင့်ခန်းများ

၁။ အိတ်ပရက်ရှင်နစ်ဇင်းပန်းချီအကြောင်း ရှင်းပြပါ။

၂။ အိတ်ပရက်ရှင်နစ်ဇင်းပန်းချီကားများမှ နှစ်သက်ရာတစ်ပုံကို အကဲဖြတ်ဝေဖန်ပါ။

## အဓိကအချက်များ

- အမြင်အတိုင်းမရေးဆွဲဘဲ စိတ်၌ခံစားရသည်ကို လွယ်ကူရှင်းလင်းစွာ ရေးဆွဲခြင်းနှင့် အနားသတ်မျဉ်းထူထူဖြင့် ရေးပြီး အနားသတ်မျဉ်းနှင့် မတူညီသည့်အရောင်သန့်ဖြင့် ခြယ်မှုန်းခြင်းဖြစ်သည်။

## ၅ ဩဂုတ်စတိရိုဒင် Auguste Rodin (1840-1917)

### သင်ခန်းစာမိတ်ဆက်

ဤသင်ခန်းစာတွင် ပြင်သစ်ပန်းပုဆရာ ဩဂုတ်စတိရိုဒင်(Auguste Rodin) အကြောင်းလေ့လာကြရမည် ဖြစ်သည်။

ပန်းပုဆိုသည်မှာ သစ်သား၊ စကျင်ကျောက်စသည်တို့ကို ရုပ်လုံးရုပ်ကြွထွင်းထုသောအတတ်ပညာဖြစ်သည်။

### (၅-၁) ရိုဒင်၏ ဘဝနှင့် အနုပညာ



ပုံ(၁) ရိုဒင်နှင့် သူ၏ ပန်းပုလက်ရာ

ရိုဒင်ကို ၁၈၄၀ပြည့်နှစ်တွင် ပြင်သစ်နိုင်ငံ၊ ပါရီမြို့၌ ငွေကြေးအသင့်အတင့်ရှိသော မိသားစုမှ မွေးဖွားခဲ့သည်။

အသက် ၁၀နှစ်အရွယ်တွင် ပန်းချီပညာကို စတင် သင်ကြားခွင့်ရရှိခဲ့ပြီး အသက် ၁၇ နှစ်တွင် ရွှံ့ကို အသုံးပြု၍ ပန်းပုရုပ်ငယ်ကလေးများစတင်ပြုလုပ်ခဲ့ရာပြိုင်ပွဲတွင် ဆု ၂ ခု ရရှိခဲ့သည်။

၁၈၅၈ ခုနှစ်တွင် ပါရီမြို့ ပန်းခြံများနှင့် လူမြင်ကွင်းများ၌ ပန်းပုရုပ်ပေါင်းမြောက်မြားစွာ ထုလုပ်ခဲ့သည်။

ပြင်သစ် ပါရှားစစ်ပွဲ (The Franco Prussian war) သည် ၁၈၇၀ ပြည့်နှစ်တွင် ဖြစ်ပွားရာ သူသည် စစ်မှုထမ်းခဲ့ရသည်။

ရို့စ် ဘားရတ် (Rose Beuret) အမည်ရှိအမျိုးသမီးနှင့် ၁၈၈၆ခုနှစ်တွင် အိမ်ထောင်ပြုပြီး သားတစ်ဦးထွန်းကားခဲ့သည်။



ပုံ(၂) ရိုဒင်ပြတိုက်အဝင်



ပုံ(၃) ရိုဒင်ပြတိုက်





ပုံ(၄) ရိုဒင်၏ လက်ရာအချို့

အသက် ၃၃ နှစ်အရွယ်တွင် မျက်စိအားနည်းသောကြောင့် စစ်တပ်မှထွက်ခွင့်ရခဲ့သည်။ ပြီးနောက် Albert-Ernest-Carrier-Belleuse အမည်နှင့် ပန်းပုထုခဲ့သည်။ ၎င်းမှ ဘယ်လ်ဂျီယံနိုင်ငံ(Belgiun)၊ ဘရပ်ဆဲမြို့ (Brussels) တွင် ၆ နှစ်ခန့် သွားရောက်လုပ်ကိုင်ခဲ့သည်။

ရိုဒင်သည် ပထမဦးဆုံး တစ်ကိုယ်တော်ပန်းပုပြပွဲကို ပြနိုင်ခဲ့သည်။ ထို့နောက် ရောမခေတ်ကဲ့သို့ ရှေးကျသောပုံစံများကို စိတ်ဝင်တစားလေ့လာပြီး ကြီးမားသောရုပ်တုကြီးများ မြောက်မြားစွာ ထုလုပ်သည်။

Auguste Neyt အမည်ရှိစစ်သား၏ပုံကို ၎င်း၏သက်ရှိအရွယ်အစားအတိုင်း nude ပုံတူရုပ်တုတစ်ခု ထုလုပ်ခဲ့သည်။ ထိုရုပ်တုကို The Vanquished ဟုအမည်ပေးခဲ့ပြီးအလွန်အသက်ဝင်ကာ သရုပ်မှန်လွန်းသဖြင့် ဝေဖန်မှုများစွာခံခဲ့ရသည်။ နောက်ပိုင်းတွင် ၎င်းရုပ်တုအား The age of bronze ဟု အမည်ပြောင်းလဲခေါ်ဝေါ်ကြသည်။

၁၈၈၀ပြည့်နှစ်တွင် ပြင်သစ်အနုပညာဝန်ကြီးဌာန၌ပန်းပုဆရာဖြစ်လာပြီးThe museum of Decorative Arts ပြတိုက်၏ဝင်ပေါက်၌ ၁၉ ရာစုတွင် ခေတ်စားခဲ့သော Dante's Divine Comedy ၏ ဝတ်စားဆင်ယင်မှုပုံစံယူပြီး The Gate of Hell ကိုဖန်တီးပြုလုပ်ခဲ့သည်။ သို့သော် ၁၀ နှစ်ခန့်အကြာတွင် ပြတိုက်လုပ်ငန်းဖျက်သိမ်းခံရသည်။


ရိုဒင်သည် Camille Clauden အမည်ရှိ အမျိုးသမီးကို စံပြထိုင်စေလျက် ပန်းပုထုခဲ့ပြီး The Kiss ဟု အမည်ပေးခဲ့သည်။

ရိုဒင်၏ အကျော်ကြားဆုံးလက်ရာများမှာ The Kiss နှင့် The Thinker တို့ဖြစ်ကြသည်။

Copyright Protected



ပုံ(၅) The Gates of Hell by Rodin



ပုံ(၆) The Thinker & The Kiss by Rodin

Copyright Protected

**လေ့ကျင့်ရန်မေးခွန်းများနှင့် လေ့ကျင့်ခန်းများ**

၁။ ပြင်သစ်ပန်းပုကျော် သြဂတ်စတိရိုဒင်အကြောင်းဆွေးနွေးပါ။
၂။ သြဂတ်စတိရိုဒင်၏ ပန်းပုရုပ်များနှင့် ပတ်သက်၍ ထင်မြင်ချက်ကို ဖော်ပြပါ။

**အဓိကအချက်**

- ရိုဒင်၏ အကျော်ကြားဆုံးပန်းပုလက်ရာများမှာThe Thinker နှင့် The Kiss တို့ဖြစ်သည်။

## ၆ ကက်ဆူရှိက ဟိုကူဆိုင် Katsushika Hokusai (1760-1849)

### သင်ခန်းစာမိတ်ဆက်

ဤသင်ခန်းစာတွင် ဟိုကူဆိုင်၏ သစ်ထွင်းပုံနှိပ်ပန်းချီအကြောင်းလေ့လာကြရမည်။ ၎င်းကို လက်ထွင်းပန်းချီ၊ ပုံနှိပ်ပုံကူးပညာ၊ ပုံပွားအနုပညာ၊ ဂရပ်ဖစ်အနုပညာဟု အမျိုးမျိုးခေါ်ကြသည်။

သစ်ထွင်းပုံနှိပ်ပန်းချီ(The art of wood block print)ဆိုသည်မှာ အရောင်မပါသောကောက်ကြောင်းကို သစ်သားပြားတွင် ထွင်းထုအခြေခံပြီး အရောင်သွင်းရန် ပုံသဏ္ဌာန်များကို နောက်သစ်သားပြားများတွင် ထပ်မံထွင်းထု၍ သစ်သားတစ်ပြားကို တစ်ရောင်စီဖြင့် ပုံနှိပ်ခြင်းဖြစ်သည်။ သစ်သားပြားအပြင် ဖယောင်းပုဆိုး၊ ပလာစတာ၊ ရော်ဘာ၊ ကတ်ထူစက္ကူနှင့် ဖော့တုံးများကိုလည်း ထွင်းထုနိုင်သည်။

ယခုသင်ခန်းစာတွင် နမူနာအနေဖြင့်ဂျပန်သစ်ထွင်းပုံနှိပ်ပန်းချီကျော် ကက်ဆူရှိကဟိုကူဆိုင်အကြောင်းနှင့် သူ၏လက်ရာများကို လေ့လာကြမည်။

### (၆–၁) ဟိုကူဆိုင်၏ ဘဝနှင့် အနုပညာ



ပုံ(၁) Hokusai

ဟိုကူဆိုင်ကို ဂျပန်နိုင်ငံ၊ အီဒိုမြို့(ယခု တိုကျိုမြို့)တွင် ၁၇၆၀ ပြည့်နှစ်၌မွေးဖွားခဲ့သည်။ လက်မှုပညာသည်မျိုးရိုးမှမွေးဖွားလာပြီး ငယ်နာမည်မှာ တိုကီတာရို (Tokitaro) ဖြစ်သည်။ အသက် ၆ နှစ်မှစတင်ပြီး ပန်းချီရေးဆွဲခဲ့သည်။

အသက် ၁၂ နှစ်တွင် ပန်းပုအလုပ်သင်ဖြစ်ခဲ့ပြီး အသက်၁၈နှစ်တွင် အနုပညာစီးပွားရေးကုန်သည်အသင်း (Katsukawa Shunshō) စတူဒီယိုက ပညာသင်ပေးကာအလုပ်ပေးခဲ့သည်။ နောက်ပိုင်းတွင် သစ်ထွင်းပုံနှိပ်ပန်းချီအကျော်အမော်တစ်ဦး ဖြစ်လာသည်။ သူသည် ဂျပန်လူနေမှုဘဝနှင့် ရှုမျှော်ခင်းများကို သစ်ထွင်းပုံနှိပ်ပန်းချီဖြင့် ပုံဖော်ပြီး ပုံနှိပ်ခဲ့သည်။


ဟိုကူဆိုင်၏ ဖူဂျီတောင်ရှုခင်း ၃၆ ခု အနက်ကာနာဂါဝါ၏ကြီးမားသောလှိုင်းများ အမည်ရှိသစ်ထွင်းပုံနှိပ်ပန်းချီလက်ရာသည် ကျော်ကြားသည်။

DBE BOX - Copyright Protected

## (၆–၂) ဟိုကူဆိုင်၏ လက်ရာများ



ပုံ(၂) Offing wave of Kanagawa from Fugaku(Mount Fuji) series



ပုံ(၃) Lake Suwa in the Shinano Province from Fugaku(Mount Fuji) series



ပုံ(၄) At Kanaya on the Tokaido from Fugaku(Mount Fuji) series



ပုံ(၅) Saramaru Dayu from the 100 Poems series

## (၆–၃) သစ်ထွင်းပုံနှိပ်ပန်းချီပြုလုပ်ခြင်း

၁။ အကြောင်းအရာရှာပြီးပုံကြမ်းထုတ်ရသည်။



ပုံ(၆)

၂။ ပုံတွင် ထည့်သွင်းမည့်အရောင်များခွဲရသည်။




ပုံ(၇)

၃။ တစ်ရောင်ချင်းအချပ်များထွင်းထုတ်ရသည်။




ပုံ(၈)

၄။ အနားသတ်နှင့် သဏ္ဌာန်ဖော်အချပ် ရသည်။




ပုံ(၉)

၅။ သဏ္ဌာန်ဖော်အချပ်ဖြင့် ဦးစွာပုံနှိပ်ရသည်။ (ဆေးခြောက်မှ နောက်တစ်ရောင်ပုံနှိပ်ရသည်။)



ပုံ(၁၀)

၆။ အရောင်စုံသွားလျှင် သစ်ထွင်းပုံနှိပ်ပန်းချီရရှိသည်။



ပုံ(၁၁)

DBE BOX - Copyright Protected

## လေ့ကျင့်ရန်မေးခွန်းများနှင့် လေ့ကျင့်ခန်းများ

၁။ ဟိုကူဆိုင်၏ သစ်ထွင်းပုံနှိပ်ပန်းချီကားများအကြောင်း လေ့လာဆွေးနွေးတင်ပြပါ။
၂။ သစ်ထွင်းပုံနှိပ်ပန်းချီလက်ရာတစ်ခုပြုလုပ်ပြပါ။

### အဓိကအချက်

- အရောင်မပါသောကောက်ကြောင်းကို သစ်သားပြားတွင် ထွင်းထုခြင်း၊ အရောင်သွင်းရန်ပုံများကို နောက်သစ်သားပြားများတွင် ထပ်မံထွင်းထု၍ ဆေးရောင်တစ်ရောင်စီဖြင့်ပုံနှိပ်ခြင်းဖြစ်သည်။

## ၇ အိုရီဂါမီ (Origami)

### သင်ခန်းစာမိတ်ဆက်

ဤသင်ခန်းစာတွင် အိုရီဂါမီစက္ကူချိုးခေါက်ခြင်းအကြောင်း လေ့လာကြမည်ဖြစ်သည်။ ဂျပန်လူမျိုးတို့၏အဆိုအရ "ori "အဓိပ္ပာယ်မှာ ချိုးခေါက်ခြင်းဖြစ်ပြီး "gami" ဆိုသည်မှာ ဂျပန်စကား "kami" မှ ဆင်းသက်လာခြင်းဖြစ်၍ စက္ကူဟု အဓိပ္ပာယ်ရသည်။

### (၇-၁) သဘောသဘာဝ


ပုံ(၁) စက္ကူငှက်များ


ပုံ(၂) စက္ကူရောင်စုံဘောလုံး

ဂျပန်နိုင်ငံမှ အိုရီဂါမီကို စတင်တီထွင်ခဲ့ပြီး ထိုအချိန်မှသည် ယခုအချိန်အထိ အလွန်ခေတ်စားသော အနုပညာရပ်တစ်ခုဖြစ်သည်။

၎င်းသည် အသက်အရွယ်မရွေး ဝါသနာပါစေသော အနုပညာရပ်တစ်ခုလည်းဖြစ်သည်။

စက္ကူချပ်မှ ငှက်များ၊ လိပ်ပြာများ၊ ပန်းများ၊ ခွေးများစသော အရုပ်များစွာတို့၏ ပုံသဏ္ဌာန်များသို့ အသွင်ကူးပြောင်းစေရန်ချိုးခေါက်ပြီး ပုံဖော်ဖန်တီးခြင်းဖြစ်သည်။

အလွန်ရိုးရှင်းလွယ်ကူသည့် ပုံစံများမှစပြီး အလွန်နက်နဲသိမ်မွေ့သည့်ပုံစံများအထိ အိုရီဂါမီစက္ကူချိုးခေါက်ခြင်းကို ဖန်တီးပြုလုပ်နိုင်သည်။

အိုရီဂါမီ စက္ကူချိုးခေါက်ခြင်းတွင် ခက်ခဲခြင်း၊ လွယ်ကူခြင်းသည် ပြုလုပ်သူ၏ ဉာဏ်ရည်နှင့်သာ သက်ဆိုင်သည်။ စိတ်ပျော်ရွှင်ရန်အတွက်အသုံးပြုနိုင်သကဲ့သို့ ခက်ခဲနက်နဲမှုများကို ဖြေရှင်းနိုင်ပြီး ဉာဏ်ရည် မြင့်မားလာစေရန်အတွက် အထောက်အကူပေးသော လုပ်ငန်းတစ်ခုဖြစ်သည်။


DRE BOX Copyright Protected

## (၇-၂) ပေါ်ပေါက်လာပုံ


AD ၁၀၅ တွင် တရုတ်နိုင်ငံ၌ စက္ကူကို စတင်ပြုလုပ်ခဲ့ပြီး ဂျပန်ဘုန်းတော်ကြီးများက ၆ ရာစုတွင် ဝယ်ယူခဲ့သည်။ ထိုအချိန်ကစက္ကူကို လူနည်းစုသာအသုံးပြုနိုင်ပြီး အခမ်းအနားများနှင့် ဘာသာရေးဆိုင်ရာပွဲများတွင်သာ အသုံးပြုခဲ့ကြသည်။

အီဒိုခေတ် Edo (၁၆၀၃-၁၈၆၈) တွင် ဂျပန်နိုင်ငံ၌ စက္ကူချိုးခေါက်ခြင်းသည် အပန်းဖြေရေးနှင့် အခမ်းအနားပြင်ဆင်ခြင်းများအတွက် ပညာရပ်တစ်ခုဖြစ်လာခဲ့သည်။

၁၇၉၇ ခုနှစ်တွင် Akisato Rito's Sembazura Orikata (Thousand cranes folding) စာအုပ်ကို ရုပ်ပုံများနှင့်တကွ ပထမဦးဆုံး ထုတ်ဝေခဲ့သည်။








DBEBOX Copyright Protected

ပုံ(၃) Akisato Rito's Sembazura Orikata မှ စာမျက်နှာအချို့


## (၇-၃) စက္ကူကို လက်တွေ့ချိုးခေါက်ခြင်း

မူရင်းအိုရီဂါမီပုံများကို ကြည့်ပြီး စက္ကူလက်တွေ့ချိုးခေါက်နိုင်ရန် မူရင်းအိုရီဂါမီစာအုပ်တစ်အုပ်မှ စာမျက်နှာ ၂ ခုကို ပုံ(၄)နှင့် ပုံ(၅)တို့တွင် ဖော်ပြထားသည်။



DBE BOX - Copyright Protected

ပုံ(၄) မူရင်းအိုရီဂါမီစာအုပ်တစ်အုပ်မှ ငှက်ရုပ်ချိုးခေါက်ခြင်း




ပုံ(၅) မူရင်းအိုရီဂါမီစာအုပ်တစ်အုပ်မှ မီးပုံးချိုးခေါက်ခြင်း

DBE BOX - Copyright Protected

## လေ့ကျင့်ရန်မေးခွန်းများနှင့် လေ့ကျင့်ခန်းများ

၁။ အိုရီဂါမီစက္ကူခေါက်ခြင်းအကြောင်း ပြောပြပါ။

၂။ စက္ကူချိုးခေါက်ခြင်းဖြင့် သင်နှစ်သက်ရာ အသွင်တူအရုပ်တစ်ခု ချိုးခေါက်ပြပါ။

## အဓိကအချက်

- အိုရီဂါမီဆိုသည်မှာ စက္ကူချပ်မှ အရုပ်များ၏ ပုံသဏ္ဌာန်များသို့ အသွင်ကူးပြောင်းစေရန် ချိုးခေါက်ပြီး ပုံဖော်ဖန်တီးခြင်းဖြစ်သည်။

## ၈ မြန်မာရိုးရာပန်းချီ (Myanmar Traditional Art)

### သင်ခန်းစာမိတ်ဆက်

ယခုသင်ခန်းစာတွင် မြန်မာရိုးရာပန်းချီအကြောင်း လေ့လာသင်ကြားကြရမည်။ မြန်မာရိုးရာပန်းချီဆိုသည်မှာ မြန်မာတိုင်းရင်းသားတို့အစဉ်အဆက်ရေးဆွဲခဲ့သောပန်းချီကို ဆိုလိုသည်။

### (၈–၁) စတင်ချိန်

မြန်မာနိုင်ငံ၌ သမိုင်းမတင်မီ ကျောက်ခေတ်ကပင် ပန်းချီလက်ရာများကို တွေ့ရှိခဲ့သည်။ ပုဂံပြည်တည်ထောင်ပြီးနောက် "ပုဂံသားယဉ်ကျေးမှု"ပေါ်ထွန်းလာချိန်တွင် မြန်မာပန်းချီသည် မြန်မာတို့၏ မူပိုင်ဟန်ဖြစ်လာ၍ မြန်မာပန်းချီအစ ပုဂံက ဟု ဆိုနိုင်သည်။



ပုံ(၁) ပုဂံမြို့ရှုခင်း

### (၈–၂) အသုံးပြုသောပစ္စည်းများနှင့် ပန်းချီအမျိုးအစားများ

ပေပင်မှ ရသောပေရွက်ပေါ်တွင် ကညစ်ဖြင့်ရေးရသော ပေရေးပန်းချီ၊ ရေတမာသား၊ ဒီးဒူးသားတို့ဖြင့် ပြုလုပ်ပြီး လွှစာမှုန့်နှင့် သစ်စေးရောသုတ်လိမ်းကာ ကညစ်ဖြင့်ရေးခြစ်၍ ဆေးရောင်ဖြည့်ထည့်သော ယွန်းပန်းချီ၊ ပလ္လင်၊ တံကဲ၊ တံခါးစသည်တို့တွင် ရုပ်လုံးကြွသစ်သားပန်းပုများကို ဆေးခြယ်ရသော သစ်ရေးပန်းချီ၊ အဆောက်အအုံနံရံတို့၌ ရေးဆွဲသော နံရံဆေးရေးပန်းချီ၊ ချည်အဝတ်စပေါ်တွင် တိုက်ရိုက်ရေးခြယ်ခြင်းနှင့် ရုပ်တုများတွင် အဝတ်စကပ်ပြီးမှ ဆေးရေးခြယ်သော အဝတ်ရေးပန်းချီတို့ကို ပုဂံခေတ်မှသည် ညောင်ရမ်းခေတ်အထိ အသုံးပြုရေးဆွဲခဲ့ကြသည်။

အင်းဝခေတ်တွင် ဂုံစက္ကူပေါ်၌ရေးဆွဲသော ပုရပိုက်ပန်းချီနှင့် ဝါးဖြင့် ရက်လုပ်ပြီး နွားချေးသရိုးခံ(လိမ်းကျံ)၍ ခြောက်လျှင် သစ်စေးကို ထပ်လိမ်းကျံပြီး သံကညစ်ဖြင့်ခြစ်ကာ ဆေးဖြည့်သော ယွန်းပန်းချီများကို ရေးဆွဲခဲ့ကြသည်။




ပုံ(၂) ပေရေးပန်းချီ






ပုံ(၃)
ယွန်းပန်းချီ



ပုံ(၄) သစ်ရေးပန်းချီ



ပုံ(၅) နံရံဆေးရေးပန်းချီ



(ဥပါလိသိမ်၊ တံကဲမျက်နှာပြင်)
ပုံ(၆) အဝတ်ရေးပန်းချီ



(မင်းတုန်းမင်းကြီး ထွက်တော်မူပုံ)
ပုံ(၇) ပုရပိုက်ပန်းချီ

## (၈-၃) မြန်မာရိုးရာပန်းချီရေးနည်းများ

မြန်မာရိုးရာပန်းချီတွင် ကနုတ်၊ ကပိ၊ ဂဇာ၊ နာရီပတ္တ၍ ၄ မျိုးရှိသည်။

ကနုတ်။ ။ မာဂဓစကား ကောကနဒ မှ ကုမုဒ၊ ကုမုဒ မှ ပါဠိစကား ကုမုဒြ (ကြာမျိုးငါးပါးမှ တစ်မျိုး၏အမည်)၊ ကုမုဒြ မှ ကနုတသို့ ပြောင်းလဲပြီး မြန်မာဝေါဟာရ ကနုတ်သို့ ရွေ့လျောလာသည်ဟု ဆိုသည်။ ကြာရိုး၊ ကြာစွယ်၊ ကြာရွက်၊ ကြာဖူး၊ ကြာပွင့်နှင့် ကြာဝတ်ဆံတို့ကို ပုံစံယူ၍ ကွေးကော့လိမ်တွန့်ကာ အဆန်းတကြယ်ရေးဆွဲခြင်းဖြစ်သည်။



ပုံ(၃) ကနုတ်

ကပိ။ ။ ပါဠိစကား ကပိမှ လာပြီး မျောက်ဟု အဓိပ္ပာယ်ရသည်။ နရား၊ နဂါး၊ ကိန္နရာ၊ ဟင်္သာ၊ မနုဿီဟ၊ ခြင်္သေ့၊ မျောက်စသော တိရစ္ဆာန်ပုံများနှင့် ကြမ်းတမ်းသောဂဠုန်၊ ဘီလူးစသည့်ပုံများကို ကနုတ်ပန်းများဖြင့် တန်ဆာဆင်ရေးဆွဲခြင်းဖြစ်သည်။



ပုံ(၄) ကပိ

ဂဇာ။ ။ ပါဠိစကား ဂဇ မှလာပြီး ဆင်ဟု အဓိပ္ပာယ်ရသည်။ မြို့ရိုး၊ နန်းတော်စသော ထုထည်ကြီးမားသည့်အဆောက်အအုံပုံများတွင် ကနုတ်ပန်းများဖြင့် ရေးဆွဲခြင်းဖြစ်သည်။



ပုံ(၅) ဂဇာ

နာရီ။ ။ ပါဠိစကားဖြစ်ပြီး လူမိန်းမဟု အဓိပ္ပာယ်ရသည်။ လူ၊ နတ်၊ ဗြဟ္မာ၊ မင်းသား၊ မင်းသမီး စသောနူးညံ့ပျော့ပျောင်းနွဲ့နှောင်းသည့်ပုံများကို မျဉ်းကောက်များဖြင့် ရေးဆွဲပုံဖော်ခြင်းဖြစ်သည်။



ပုံ(၆) နာရီ

DBE BOX - Copyright Protected

**လေ့ကျင့်ရန်မေးခွန်းများနှင့် လေ့ကျင့်ခန်းများ**

၁။ မြန်မာရိုးရာပန်းချီအကြောင်း ရှင်းပြပါ။

၂။ မြန်မာရိုးရာပန်းချီနည်းဖြင့်ဆွဲထားသောပုံများကို ရှာဖွေပြီး အမျိုးအစားများကို ခွဲခြားပြပါ။

**အဓိကအချက်**


- မြန်မာရိုးရာပန်းချီအမျိုးအစားများမှာ ပေရေး၊ ယွန်း၊ သစ်ရေး၊ နံရံဆေးရေး၊ အဝတ်ရေး၊ ပုရပိုက်စသည် ပန်းချီတို့ဖြစ်သည်။ ရေးနည်းများမှာ ကနုတ်၊ ကပီ၊ ဂဇာနှင့် နာရီတို့ဖြစ်သည်။

## ၉ မြေထည် (Earthenware)

### သင်ခန်းစာမိတ်ဆက်

ဤသင်ခန်းစာတွင် မြေထည်လုပ်ငန်းအကြောင်း သင်ကြားကြရမည်ဖြစ်သည်။ မြေထည်ဆိုသည်မှာ ရွှံ့ သို့မဟုတ် မြေကြီးဖြင့် ပုံစံအမျိုးမျိုးပုံဖော်ပြီး စဉ့်ရည်၊ ကြွေရည်မသုတ်ဘဲ မီးဖုတ်ထားသည့် လူအသုံးအဆောင်ပစ္စည်းများကို ဆိုလိုသည်။

### (၉-၁) မြန်မာမြေထည်ပစ္စည်းသမိုင်း



ပုံ(၁) မြန်မာ့မြေထည်များ

ပျူခေတ်မှ လက်စင်းရာပါအုတ်ချပ်များကို မြန်မာနိုင်ငံအတွင်း အရှေ့ဘက်ဆုံး ရွှေညောင်မြို့မှ အနောက်ဘက်ဆုံး ဝေသာလီမြို့အထိ၊ မြောက်ဘက်ဆုံးတကောင်းမြို့မှ တောင်ဘက်ဆုံးထားဝယ်မြို့အထိတွေ့ရှိရသည်။

ကြေးခေတ်လက်ရာ မြေအိုးမြေခွက်များကို ညောင်ကန်၊ ရမည်းသင်း၊ နေပြည်တော်တပ်ကုန်းသာစည်နှင့် မိတ္ထီလာတို့၌ တွေ့ရှိရသည်။

ဗိဿနိုးမြို့ဟောင်းတူးဖော်ရာတွင် အရိုးအိုး၊ ရေအိုး၊ ချက်ပြုတ်အိုး၊ လည်တံရှည်အိုး၊ ရေသွန်းကရား၊ သပိတ်၊ ဆီမီးခွက်နှင့် ရုပ်ဒိုးတို့ကို တွေ့ရှိရပြီး သီရိဝစ္ဆပုံနှင့် ငါးကြင်းပုံများပါရှိသည်။

ဟန်လင်းမြို့ဟောင်းတူးဖော်ရာတွင် ရေအိုး၊ ပန်းကန်၊ အင်တုံ၊ ချက်ပြုတ်အိုး၊ ပန်းကန်လုံး၊ သောက်ရေခွက်၊ မြေပုတီးစေ့နှင့် ဆီမီးခွက်များတွေ့ရှိရပြီး ၎င်းတို့တွင် လူပုံ၊ ဒေါင်းပုံ၊ သီရိဝစ္ဆပုံ၊ ခရုသင်းပုံ၊ ဘဒ္ဒပိဌပုံနှင့် ငါးပုံများတွေ့ရှိရသည်။

သရေခေတ္တရာမြို့ဟောင်းကိုတူးဖော်ရာတွင် အုတ်ခွက်ဘုရားများ၊ နှုတ်သီးပါအိုး၊ ပန်းအိုး၊ သပိတ်၊ လက်ကိုင်ဘုပါစလောင်းဖုံးနှင့် အုတ်ကြွပ်ပြားများတူးဖော်ရရှိသည်။


ယခုအခါ မြန်မာနိုင်ငံတွင် မြေထည်လုပ်ငန်းသည် စရိတ်ကြီးမားပြီး ဝင်ငွေနည်းသောကြောင့် ပညာရှင်များနည်းပါးပျောက်ကွယ်လာပြီဖြစ်သည်။

## (၉-၂) ကမ္ဘာမြေထည်ပစ္စည်းသမိုင်း



ပုံ(၂) တရုတ်ဆွန်မင်းဆက် ပန်းအိုး

တရုတ်နှင့် ဂရိစသောနိုင်ငံများတွင် မြေထည်ပစ္စည်းအထောက်အထားများတွေ့ ရှိရသည်။



ပုံ(၃) ဂရိပန်းအိုး

### (၉-၂-၁) **ပီကာဆို** Pablo Picasso (1881-1973)**၏ မြေထည်ပြပွဲ**



ပုံ(၄) Pablo Picasso

ပါဘလိုပီကာဆိုကို စပိန်နိုင်ငံ (Spain) မလာဂါမြို့(Malaga)၌ မွေးဖွားခဲ့သည်။ သူသည် ပန်းချီကျော်တစ်ဦးလည်းဖြစ်သည်။

ပီကာဆိုသည် ဒုတိယကမ္ဘာစစ်ပြီးချိန်တွင် ပြင်သစ်နိုင်ငံတောင်ပိုင်းသို့ ပြောင်းရွှေ့နေထိုင်ခဲ့ပြီး မြေထည်လုပ်ငန်းလုပ်ကိုင်ခဲ့သည်။

၎င်းသည်နာမည်ကျော်မက်ဒိုရာ(Medora) မြေအိုးများကို ရောမခေတ်မြေအိုးများပြုလုပ်ခဲ့ရာ ဒေသဖြစ်သော မာလာဝီမြို့ (Malawi) တွင် စတင်ပြုလုပ်ခဲ့သည်။

DBE BOX Copyright Protected



ပုံ(၅) ပီကာဆို၏ မြေထည်လက်ရာများ

သူသည် ရှေးအလယ်အလတ်ခေတ် ပုံစံမြေထည်များကို ပြုလုပ်ရန် စိတ်ကူးအကြံဉာဏ်ရခဲ့ပြီး စမ်းသပ်ရှာဖွေခဲ့ရာမှ မြေထည်လက်ရာများတွင်ပါ နာမည်ကျော်ကြားသည်။

၂၀၁၉ခုနှစ်၊ မေလတွင် ဒိန်းမတ်နိုင်ငံ (Denmark) ကိုပင်ဟေဂင်မြို့ (Copenhagen)၏မြောက်ပိုင်း ၃၅ ကီလိုမီတာ အကွာအဝေးရှိ လူးဝစ်စီယားနားမော်ဒန်အနုပညာပြတိုက်(Lousiana Museum of Modern Art )တွင် ပြတိုက်၏ နှစ် ၆၀ပြည့်အထိမ်းအမှတ်အဖြစ် ပီကာဆို၏ မြေထည်လက်ရာများကို ပြသခဲ့သည်။

ထိုပြပွဲ၌ ပါရီမြို့ရှိ ပီကာဆိုပြတိုက်နှင့် စပိန်နိုင်ငံ၊ ဘာစီလိုနား (Barcelona) မြို့ရှိ ပြတိုက်များမှ ပီကာဆို ပြုလုပ်ခဲ့သည့် လက်ရာများအပြင် ၎င်း၏မိသားစုများထံမှ သူ၏လက်ရာများကိုပါ ပြသခဲ့သည်။

ပြပွဲအကြိုဖွင့်ပွဲကို ရောက်လာသော ပီကာဆို၏မြေးဖြစ်သူက "အဘိုးရဲ့အနှစ်၂၀ အတွင်း လက်ရာများဘယ်လိုတိုးတက်လာသလဲဆိုတာကို ပြသနိုင်ခဲ့ပါတယ်" ဟုဆိုသည်။

ဆက်လက်၍ ၎င်းက ပြောသည်မှာ ပြပွဲတွင် ပီကာဆိုပြုလုပ်ထားသော မြေအိုးလက်ရာ ၂၀၀ကျော်ပြသနိုင်ခဲ့ပြီး ပညာရှင်များ၏ ကြိုးစားလေ့လာမှုများကြောင့်သာ အဘိုးဖြစ်သူ ပီကာဆို၏ နှစ်၂၀ အတွင်း ဖန်တီးခဲ့သောအနုပညာလက်ရာများကိုပြသနိုင်ခဲ့သည်ဟု ပြောခဲ့သည်။


## (၉–၃) မြေထည်ပစ္စည်းပြုလုပ်ပုံ



ပုံ(၆) ရွှံ့စေးပြုပြင်ခြင်း



ပုံ(၇) လိုသောပုံဖော်ခြင်း



ပုံ(၈) မီးအပူပေးခြင်း

ရွှံ့စေးပြုလုပ်မည့် မြေထဲတွင်ရှိသော ခဲနှင့်အမှိုက်များကို သန့်စင်၍ လေမခိုစေရန်နှင့် စေးလာစေရန် လက် သို့မဟုတ် ခြေဖြင့် နယ်ရသည်။

လိုချင်သောပုံရရှိအောင် စက် သို့မဟုတ် လက်ဖြင့် ပုံဖော်ပြီး လေသလပ်ခံ၍ ၂ ရက်ခန့် လေလုံခန်းထဲတွင် ထားရသည်။

(ခြောက်သွေ့သွားသော မြေထည်ပေါ်တွင် ဒီဇိုင်းပုံများ ဖော်နိုင်သည်။)

ထို့နောက် ဖိုတွင်ထည့်ကာ တဖြည်းဖြည်း အပူချိန်မြင့်၍ အပူပေးရသည်။ အပူချိန်များလာလေလေ ပိုမိုသိပ်သည်းမာကျောလာလေလေဖြစ်သည်။

အပူပေးရာတွင် မီးညီစွာဖြင့်အပူပေးမှသာ အက်ကွဲမှုနည်းပြီး မြေထည်ကို ခိုင်ခံ့စေသည်။

မီးပေးပြီးမြေထည်များကို ဒီဇိုင်းရေးဆွဲဆေးခြယ်နိုင်သည်။



ပုံ(၉) ဒီဇိုင်းရေးဆွဲဆေးခြယ်ခြင်း

DBE Copyright Protected

### လေ့ကျင့်ရန်မေးခွန်းများနှင့် လေ့ကျင့်ခန်းများ

၁။ မြေထည်အကြောင်းနှင့် မြေထည်ပြုလုပ်ပုံအဆင့်များကို ရှင်းလင်းပြောပြပါ။
၂။ ပီကာဆို၏ မြေထည်များအကြောင်း ထင်မြင်ချက်ပေးဆွေးနွေးပါ။

### အဓိကအချက်

- မြေထည်ဆိုသည်မှာ ရွှံ့ သို့မဟုတ် မြေကြီးဖြင့် ပုံစံအမျိုးမျိုးပုံဖော်ပြီး စဥ့်ရည်၊ ကြွေရည်မသုတ်ဘဲ မီးဖုတ်ထားသည့် လူအသုံးအဆောင်ပစ္စည်းများကို ဆိုလိုသည်။

## ၁၀ ပါတိတ်ပန်းချီ (Batik Art)

**သင်ခန်းစာမိတ်ဆက်**

ဤသင်ခန်းစာတွင် ပါတိတ်ပန်းချီအကြောင်း လေ့လာကြရမည်ဖြစ်သည်။ ပါတိတ်ပန်းချီဆိုသည်မှာ ပန်းချီပညာနှင့် လက်မှုပညာပူးပေါင်းပြီးအဝတ်တွင် ရေးသောပန်းချီတစ်မျိုးဖြစ်သည်။

### (၁၀-၁) ပါတိတ်ပန်းချီသမိုင်း



ပုံ(၁) Ajanta Cave မှ ပုံအချို့

ပါတိတ်ပန်းချီကို အရှေ့ဖျားပိုင်း၊ အရှေ့အလယ်ပိုင်း၊ အာရှ၏ဗဟိုအချက်အချာများနှင့် အိန္ဒိယနိုင်ငံများတွင် စတင်ပေါ်ပေါက်ခဲ့ကြောင်း ၂၀၀၀ ပြည့်နှစ် နောက်ပိုင်း၌ သက်သေသာဓကများနှင့်တကွ တွေ့ရှိရသည်။

တရုတ်နိုင်ငံတွင် ဆွန်(Sui)မင်းဆက် အေဒီ ၅၈၁ မှ ၆၁၈ အတွင်း၌ ပါတိတ်ပန်းချီသည်စတင်ပေါ်ပေါက်လာသည်။

ဂျာဗားနှင့် အင်ဒိုနီးရှားတွင် ပါတိတ်ပန်းချီသည် ရှေးရိုးရာဓလေ့အစိတ်အပိုင်းတစ်ခုဖြစ်သည်။ ပါတိတ်(Batik)စကားလုံးသည်ဂျာဗားဘာသာစကား tik မှဆင်းသက်လာပြီး အစက်ဟုအဓိပ္ပာယ်ရသည်။

ပိုးချည်ဖြင့် ပြုလုပ်ထားသော ပါတိတ်ပန်းချီကို ဂျပန်နိုင်ငံတွင် နာရာ(Nara)ခေတ် အေဒီ၇၁၀ မှ ၇၉၄ အတွင်း၌ ပိတ်ကားချပ်သရုပ်ဖော် ဖော်ပုံများတွင် တွေ့ရှိရသည်။ ထိုပုံများတွင် သစ်ပင်များ သတ္တဝါများ၊ ပလွေတီးမှုတ်သူများ၊ အမဲလိုက်ပုံနှင့် တောင်ပုံများဖြင့် ပုံဖော်ထားသည်။

အလွန်ရှေးကျသည့် ချည်ထည်ပါတိတ်ပန်းချီများကို အိန္ဒိယပြည် အာဂျန်တာလိုဏ်ဂူ (Ajanta Cave)ရှိ ဂူ ၃၀ တွင် တွေ့ရှိရသည်။ အာဂျန်တာဂူများ၏ ဂူနံရံများတွင်ရေးဆွဲထားသော ပန်းချီပုံများ၌ လူများဝတ်ဆင်ထားသည့် အဝတ်အစားများနှင့် လည်ပတ်ပဝါများ၌ ပါတိတ်ပန်းချီများရေးဆွဲထားသည်ကိုတွေ့ရှိရသည်။


ပုံ(၂) အင်ဒိုနီးရှားပါတိတ်ပန်းချီ

ထို့ပြင် ဂျာဗားကျွန်း (Java)ပေါ်တွင် တွေ့ရှိရသောရုပ်ပုံများ၌လည်း လူပုံများရှိ အဝတ်အစားများ၌ ပါတိတ်ပန်းချီပုံများကို တွေ့ရှိရသည်။

၁၉၀၀ပြည့်နှစ်အစောပိုင်းတွင် ဂျာမန်တို့သည် ပါတိတ်ပန်းချီကို များပြားစွာ ထုတ်လုပ်ခဲ့ကြသည်။ ၁၉၉၉ ခုနှစ်တွင် ပါတိတ်လမ်းညွှန်အဖွဲ့မှ ပါတိတ်အနုပညာနှင့် ဆိုင်သောစာအုပ်ကို ရေးသားဖြန့်ချိခဲ့သည်။

ပါတိတ်ပန်းချီသည် ပန်းချီနှင့် လက်မှုပညာ ၂ မျိုးစလုံးပါဝင်ပြီးအလွန်အံ့ဩလို့ကြိုက်များသည့်အနုပညာတစ်ရပ်ဖြစ်သည်။ ပြုလုပ်ရာတွင် အဝတ်စပေါ်၌ ဖယောင်းဖြင့်ရေးဆွဲခြင်းနှင့် ဆေးဆိုးခြင်းများဖြင့် ပန်းချီကို ပုံဖော်သည်။

## (၁၀–၂) ပါတိတ်ပန်းချီပြုလုပ်ရေးခြယ်ခြင်း


ပုံ(၃)

အဆင့်(၁) ပိတ်စပေါ်တွင် ဒီဇိုင်းပုံစံများ ဆွဲသည်။



ပုံ(၄)

အဆင့်(၂) ဒီဇိုင်းပေါ်တွင် Tjanting ဖယောင်းအစက်ချကိရိယာကို အသုံးပြု၍ ဖယောင်းရေးခြယ်သည်။ (ကိရိယာ မရှိပါက ဖယောင်းတိုင် သို့မဟုတ် ဖယောင်းရောင်စုံခဲတံဖြင့် ရေးခြယ်နိုင်သည်။)



ပုံ(၅)

အဆင့်(၃) အရောင်များကို ရောစပ်ပြီး ဆေးခြယ်သည်။ ပြီးလျှင် ဆေးလုံးဝ ခြောက်သွားချိန်အထိ အခြောက်ခံသည်။



ပုံ(၆)

အဆင့်(၄) ဆေးရောင်များမလွင့်စေရန် ချုပ်ဆေး Fixer ကို အဝတ်စပေါ်တွင် သုတ်ပြီး ဧနာရီခန့်ထားရသည်။ (ချုပ်ဆေးမရှိပါက နို့ကော်ဖြူကို ဆေးခြယ်ချိန်၌ပင် ဆေးနှင့် ရောစပ်ပြီး ခြယ်နိုင်သည်။)



ပုံ(၇)

အဆင့်(၅) ဖယောင်းများကို ဖယ်ရှားရန် ရေနွေးတွင် ဒီဇိုင်းအဝတ်စကို စိမ်ရသည်။ ဖယောင်းများ ပျော်သွားလျှင်ရေအေးဖြင့်ဆေးကြောရသည်။

DBE BOOK Copyright Protected



အဆင့်(၆) အဝတ်စဒီဇိုင်းကို မီးပူတိုက်ခြင်း သို့မဟုတ် နေလှန်းခြင်းပြုလုပ်၍ အခြောက်ခံရသည်။

ပုံ(၈)



ပုံ(၉) ဒီဇိုင်းအမျိုးမျိုးရေးခြယ်နေပုံ

## လေ့ကျင့်ရန်မေးခွန်းများနှင့် လေ့ကျင့်ခန်းများ

၁။ ပါတိတ်ပန်းချီအကြောင်းနှင့် ပါတိတ်ပန်းချီအဆင့်ဆင့်ရေးခြယ်ပုံကို ရှင်းလင်းပြပါ။
၂။ နှစ်သက်ရာ ပါတိတ်ပန်းချီတစ်ပုံကို ဖန်တီးရေးဆွဲပြပြီး အမည်ပေးပါ။

## အဓိကအချက်

- ပါတိတ်ပန်းချီသည် ပန်းချီနှင့် လက်မှုပညာ၂ မျိုးစလုံးပါဝင်သည်။ ပြုလုပ်ရာတွင် အဝတ်စပေါ်၌ ဖယောင်းဖြင့်ရေးဆွဲခြင်းနှင့် ဆေးဆိုးခြင်းများဖြင့် ပန်းချီကို ပုံဖော်သည်။


## ၁၁ အသေးစားအနုပညာလုပ်ငန်းစီမံချက် (Mini Art Project)

### သင်ခန်းစာမိတ်ဆက်

ယခုသင်ခန်းစာတွင် ကျောင်းသားများသည် အုပ်စုအဖွဲ့အလိုက်ဆွေးနွေးတိုင်ပင်ပြီး မိမိတို့ တစ်နှစ်တာသင်ကြားခဲ့သော သင်ခန်းစာများမှ ကြိုက်နှစ်သက်ရာ အနုပညာလက်ရာတစ်ခုစီကို မိမိတို့စိတ်ကြိုက်ပုံစံဖြင့် စုပေါင်းဖန်တီးပြုလုပ်ကြရမည်ဖြစ်သည်။

### (၁၁–၁) လုပ်ငန်းစီမံချက်အစီအစဉ်

တစ်နှစ်တာတွင် သင်ခန်းစာ ၁၀ ခုသင်ကြားခဲ့ပြီးဖြစ်သည်။



ပုံ(၁) တစ်နှစ်တာသင်ခန်းစာများ

**(၁၁-၁-၁) လုပ်ငန်းခေါင်းစဉ်ရွေးချယ်ခြင်း**

အဖွဲ့အုပ်စုတစ်အုပ်စုစီက တစ်နှစ်အတွင်းသင်ယူခဲ့သောသင်ခန်းစာတစ်ခုကို ရွေးချယ်သည်။

**(၁၁-၁-၂) လုပ်ငန်းရည်ရွယ်ချက်နှင့် အချိန်ကာလသတ်မှတ်ခြင်း**

အုပ်စုတစ်စုစီရှိ ကျောင်းသားများသည် ရွေးချယ်ထားသော ခေါင်းစဉ်ကို လုပ်ငန်းတစ်ခုအဖြစ်သတ်မှတ်ပြီး မည်သည့်ရည်ရွယ်ချက်ဖြင့် ပြုလုပ်သည်၊ မည်သည့်အချိန်ကာလတွင်မည်သည့် လုပ်ငန်းအစိတ်အပိုင်း ပြီးစီးရမည်ကို ဆွေးနွေးမှတ်တမ်းတင်သည်။

**(၁၁-၁-၃) တာဝန်ခွဲဝေသတ်မှတ်ခြင်း**

အုပ်စုတစ်စုစီ၏ ကျောင်းသားများသည် မိမိတို့ရွေးချယ်ထားသော လုပ်ငန်းအောင်မြင်စေရန် တစ်ဦးချင်းတာဝန်များကို ဆွေးနွေးတိုင်ပင်ခွဲဝေကြသည်။

**(၁၁-၁-၄) လိုအပ်သောပစ္စည်းများစုဆောင်းခြင်း**

လုပ်ငန်းတွင် လိုအပ်မည့်ပစ္စည်းများကို တိုင်ပင်ပြီး ကြိုတင်စုဆောင်းပြင်ဆင်ကြသည်။

**(၁၁-၁-၅) လက်တွေ့လုပ်ငန်းလုပ်ကိုင်ခြင်း**

အုပ်စုတစ်စုစီ၏ ကျောင်းသားများသည်ရွေးချယ်ထားသောလုပ်ငန်းကို ခွဲဝေထားသောတာဝန်များအလိုက် သတ်မှတ်ထားသောအချိန်အတွင်းပြီးစီးရန် လုပ်ကိုင်ကြသည်။

**(၁၁-၁-၆) လုပ်ငန်းစဉ်ကို နေ့စွဲအလိုက်မှတ်တမ်းတင်ခြင်း**

လုပ်ငန်းစတင်ပြုလုပ်သည့်နေ့မှ စတင်ပြီး လုပ်ငန်း၏ အစိတ်အပိုင်း၊ လုပ်ဆောင်မှုပုံစံ၊ ပါဝင်လုပ်ဆောင်သူများစသည်ဖြင့် နေ့စွဲအလိုက်မှတ်တမ်းတင်သည်။

**(၁၁-၁-၇) လုပ်ငန်းကို ပြန်လည်တင်ပြခြင်း**

ပြပွဲအခမ်းအနားတစ်ခုပြုလုပ်ပြီး အုပ်စုတစ်စုစီမှ မိမိတို့ရွေးချယ်ပြုလုပ်ခဲ့သောလုပ်ငန်းနှင့် ပတ်သက်ပြီး စီစဉ်ပြုလုပ်ခဲ့ပုံကို ပြန်လည်တင်ပြခြင်းနှင့် ပြုလုပ်ခဲ့သောပစ္စည်းကို ပြသခြင်းများပြုလုပ်ကြသည်။

DBE BOOK - Copyright Protected

**လေ့ကျင့်ရန်မေးခွန်းများနှင့် လေ့ကျင့်ခန်းများ**


၁။ အသေးစားအနုပညာလုပ်ငန်းစီမံချက်အဆင့်ဆင့်ပြုလုပ်ပုံကို ရှင်းလင်းပြောပြပါ။

၂။ တစ်နှစ်တာသင်ယူခဲ့သည့်သင်ခန်းစာတစ်ခုကို အုပ်စုလိုက် စိတ်ကြိုက်ဖန်တီးပြပါ။

**အဓိကအချက်**

- တစ်နှစ်တာသင်ကြားခဲ့သော သင်ခန်းစာများမှ ကြိုက်နှစ်သက်ရာအနုပညာလက်ရာတစ်ခုစီကို အုပ်စုအလိုက် မိမိတို့စိတ်ကြိုက်ပုံစံဖြင့် စုပေါင်းဖန်တီးပြုလုပ်သည်။

**သင်ကြားခဲ့သည့်အကြောင်းအရာများကို ပြန်လည်သုံးသပ်ခြင်း။**




DBE BOX - Copyright Protected

## မှီငြမ်းကိုးကားစာရင်း


| | |
|---|---|
| ၁။ မြန်မာစာအဖွဲ့ | - မြန်မာအဘိဓာန်၊ ၁၉၉၁ ခုနှစ်၊ စက်တင်ဘာလ |
| ၂။ လှတင်ထွန်း | - မြန်မာပန်းချီရေစီးကြောင်း၊ ၂၀၀၃ ခုနှစ်၊ ဖေဖော်ဝါရီလ |
| ၃။ ကျော်သူရိန် | - ၁၃ ရာစုနှောင်းပိုင်းမှ ၁၉ ရာစုအစောပိုင်းအထိ ကမ္ဘာ့ပန်းချီသမိုင်း၊ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ |
| ၄။ သုတေသီ ရာမညကိုကိုနိုင် | - မြန်မာ့ပန်းချီသမိုင်း၊ စာပေဗိမာန်၊ ၁၉၉၇ ခုနှစ် |
| ၅။ ဂျီလှမောင် | - ကမ္ဘာ့ပန်းချီသိ-ဗမာ့ပန်းချီသိ၊ ၁၉၆၈ ခုနှစ်၊ စက်တင်ဘာလ |
| ၆။ ဒဂုန်နတ်ရှင် | - မြန်မာ့ရိုးရာလုပ်ငန်း ဆယ်ပွင့်ပန်း၊ စာပေဗိမာန် |
| ၇။ တင်မောင်ကြည်၊ ဒေါက်တာ | - ဟန်လင်း၊ ၂၀၁၅ ခုနှစ်၊ စက်တင်ဘာ၊ ယူနက်စကို |
| ၈။ Ian Chilvers | - Dictionary of Art & Artists, 2012,Oxford |
| ၉။ Daniel Wildenstein | - Monet,The Inpressionist1988,Great Britain |
| ၁၀။ W. UHDE | - Van Gogh, 1970, Germany |
| ၁၁။ Parragon | - Essential History of Art, 1988, London |
| ၁၂။ Limpei Morimoto | - Origami,NoA, 1994, Tokyo |
| ၁၃။ Amanda Green | - Pablo Picasso, 2018, |
| ၁၄။ Ray Smith | - An Introduction to Watercolour,1995,London |


DBE BOX - Copyright Protected